မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၃၀ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၀၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြို့တော်ဘိလပ်မြေစက်ရုံကို မန္တလေးတိုင်း သာစည်မြို့နယ်၌ တည်ဆောက်ဖွင့်လှစ်

ယနေ့ဖွင့်လှစ်လိုက်သည့် ဘိလပ်မြေစက်ရုံမှထုတ်လုပ်သည့် ဘိလပ်မြေများဖြင့် ရန်ကုန်မြို့ရှိလမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်

ယင်းကဲ့သို့ ရန်ကုန်မြို့ရှိလမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် ဤစက်ရုံကို တည်ထောင်ပေးခဲ့ခြင်းဖြစ်

နေပြည်တော် ဧပြီ ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဘိလပ်မြေစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် မန္တလေးတိုင်း သာစည်မြို့နယ် ပြည်သြောင်ကျေးရွာအနီးရှိ အဆိုပါ ဘိလပ်မြေစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ဘိလပ်မြေနမူနာများ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြို့တော်ဘိလပ်မြေစက်ရုံ၏ ကုန်ကြမ်းပစ္စည်းနမူနာများနှင့် ဘိလပ်မြေနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဘိလပ်မြေစက်ရုံကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)

30-4 (01).pmd 1 4/30/2010, 1:43 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၃၀ ရက်)

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ကိုယ်စားပြုနေသည့် မျက်နှာစာများတွင် အနုသုခုမပညာရပ်များ အရေးပါသည်။

မြန်မာနိုင်ငံ အနှံ့အပြားတွင် နှစ်စဉ်နှင့်အမျှ ထပ်မံတွေ့ရှိနေသည့် ရှေးဟောင်းယဉ်ကျေးမှုအထောက်အထားများအရ နှစ်ကာလ ထောင်သောင်းမက ရင့်ကျက်ရှည်ကြာခဲ့သည့် သက်တမ်းတစ်လျှောက် မြန်မာ့အနုသုခုမပညာရပ်များ ထွန်းကားခဲ့မှု၊ အဆင့်အတန်းမြင့်မားမှုများသည် နိုင်ငံ၏ ယဉ်ကျေးမှု ထည်ဝါခံ့ညားမှုကို ဖော်ညွှန်းပြသလျက်ရှိသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တွင် ဖွင့်လှစ်သင်ကြားပို့ချခဲ့သည့် တက္ကသိုလ်ကြီးများမှ (၁၇)နှစ်တာကာလအတွင်း နိုင်ငံနှင့်လူမျိုး ဂုဏ်ယူလောက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်များကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့ပြီး အနုပညာ ဘာသာရပ်အလိုက် ဘွဲ့၊ ဒီဂရီ၊ ဂုဏ်ထူးဆောင်ဘွဲ့များကို ပေးအပ်ချီးမြှင့်နိုင်ခဲ့သည်။

"ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းသည် ပြည်ထောင်စုကြီးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်သည်" ဟူသော အခြေခံအသိတရားများနှင့်အညီ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်နိုင်ခဲ့သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၏ ဂုဏ်သိက္ခာကို ပိုမိုပြည့်စုံရန် ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်၌ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနကို တိုးချဲ့ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့် ပြဇာတ်)ကို ပေးအပ်နိုင်ခဲ့သည်။

ယခု ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် အနုပညာသင်ထောက်ကူစတူဒီယိုသစ်ကြီးကို ပြီးခဲ့သည့် မတ်လ ၂၁ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့၍ စာတွေ့သီအိုရီများနှင့် လက်တွေ့ရိုက်ကူး ထုတ်လုပ်မှုအပိုင်းတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်မည့် သင်ထောက်ကူ စတူဒီယိုကြီး ဖြစ်တည်လာခဲ့ခြင်းဖြစ်သည်။

ယနေ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြမည့် မျိုးဆက်သစ်လေးများအား မွေးထုတ်ပေးခြင်းဖြင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပညာများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို အရှည်တည်တံ့ ဖြစ်တည်နေစေရန် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်လယ်ဝေး၌

ကျွဲ၊ နွား ကာကွယ်ဆေးထိုးခြင်းနှင့် ကုသခြင်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဧပြီ ၂၉

ကမ္ဘာ့တိရစ္ဆာန်များ ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် နေပြည်တော်တပ်ကုန်း၊ နေပြည်တော် ပျဉ်းမနားနှင့် နေပြည်တော်လယ်ဝေးမြို့နယ်တို့မှ ဦးစီးအရာရှိများနှင့် အဖွဲ့သည် ဧပြီ၂၃ရက်က နေပြည်တော် လယ်ဝေးမြို့နယ် ရေအိုးစဉ်ကျေးရွာအုပ်စုရှိ မြွေရိုးလေး၊ ဇီးကုန်းနှင့် ကြောင်ရေကျေးရွာအုပ်စုရှိ သာယာစုကျေးရွာတို့၌ ကျွဲ၊ နွားကောင်ရေ ၅၆၀တို့ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး၊ သန်ချဆေးနှင့် အားဆေးများ ထိုးနှံပေးခြင်း၊ သင်းကွပ်ပေးခြင်းနှင့် တုတ်ရောဂါခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ

ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၁-၅-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇:၀၅ နိုင်ငံတော်သီချင်း+ ကြေညာချက်
တရားတော် **(ဓဇဂ္ဂသုတ်)**
ဓမ္မပူဇာတေးပဒေသာ
၇:၃၅ (၃၈)ဖြာမင်္ဂလာ
နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိအသိရှိစေဖို့
(အထွေထွေယဉ်ကျေးခြင်း-၂)
တေးပဒေသာ
ဘဝအသွင်ကဗျာ့အမြင်
(ကမ္ဘာကုန်ကျယ်သရွေ့)
တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ်-
(ကလေးများအတွက်တေးကဗျာ-စိတ်ကြွရုံးသွပ်ဆေး)
၁၁:၂၀ အာဆီယံအစီအစဉ်
နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ
(မဟာနှလုံးသား)
တေးပဒေသာ
၁၂:၀၀ စံတော်ချိန်
ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၄၇)
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ
(ငြိမ်း)
၁၂:၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉:၀၀ နိုင်ငံတကာသတင်း
နိုင်ငံရေးဦးတည်ချက်
၁၉:၁၀ တေးပဒေသာ
၁၉:၁၅ သူ့အကြိုက်သူ့အသွင် (ချစ်စနိုးဦး)
၁၉:၃၀ ကျန်းမာရေးရာသိကောင်းစရာ
(ရှားပါးအဖိုးတန် ဆေးဖက်ဝင်မရှော့ပင်)
တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ သံစဉ်တေးသွား
မေတ္တာစကား
စီးပွားရေးဦးတည်ချက်
၂၀:၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၂၀:၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ Radio Internet (16)
၂၁:၁၀ ခံစားနားဆင်
မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

Khind, Mistral & Maco အဆင့်မြင့် အီလက်ထရွန်နစ် အိမ်သုံးပစ္စည်းများ ရောင်းချလျက်ရှိ

ရန်ကုန် ဧပြီ ၂၉

Monarch Company Limited က Khind, Mistral နှင့် Maco အဆင့်မြင့် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများကို မြန်မာပြည်အနှံ့ ဖြန့်ချိလျက်ရှိသည်။

တင်ပို့ဖြန့်ချိ

မလေးရှားနိုင်ငံတွင် အောင်မြင်ကျော်ကြားသော Khind Electronic နှင့် Electrical စက်ရုံကြီးက ၄၅နှစ်ကျော် အတွေ့အကြုံဖြင့် နိုင်ငံတကာအရည်အသွေး စံချိန်ပြည့်မီသည့် လျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ကျော်သို့ တင်ပို့ဖြန့်ချိလျက်ရှိသည်။

ဈေးလျှော့ရောင်း

မေ ၁ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် Life Style နှင့် IT - 2010 ကုန်စည်ပြပွဲတွင် မလေးရှားနိုင်ငံ၏ SIRIMISO 9001 နှင့် အရည်အသွေး စံချိန်စံညွှန်းမီ အသိအမှတ်ပြု လက်မှတ်များရရှိထားသော Maco အမှတ်တံဆိပ် ရေခဲသေတ္တာ၊ Chest Freezer၊ Semi Auto အဝတ်လျှော်စက်နှင့် Fully Auto အဝတ်လျှော်စက်များကို အာမခံနှစ်နှစ်ပေးထားပြီး ပြပွဲလေးရက်အတွင်း အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးမည့်အပြင် Khind နှင့် Mistral အမှတ်တံဆိပ်ပစ္စည်းများကို ၅၀ရာခိုင်နှုန်းအထိ ဈေးလျှော့ပြီး ရောင်းချရန် စီစဉ်ထားကြောင်းမှ သိရသည်။ **(အပေါ်ပုံ)**

မလေးရှားနိုင်ငံလုပ် Khind အမှတ်တံဆိပ် Nano Hygiene နာနို ကျန်းမာရေး ပန်ကာ၊ နံရံကပ် ပန်ကာ၊ မျက်နှာကြက် ဆိုလည်ပန်ကာများနှင့် လျှပ်စစ်အိမ်သုံးပစ္စည်းများ၊ လုပ်ငန်းသုံး၊ စက်ရုံသုံး ပန်ကာကြီးများ၊ ဟိုတယ်သုံးပစ္စည်းများကို ၃၃ရာခိုင်နှုန်းအထိ ဈေးနှုန်းလျှော့ထားသည်။

ပုံစံမျိုးစုံ

Mistral အမှတ်တံဆိပ် Ionizer Air Cooler ကို မူလဈေးမှ ၃၀ရာခိုင်နှုန်းအထိ လျှော့ချထားပြီး ခေတ်မီ Mistral Tower Fan များမှာ ပုံစံမျိုးစုံလှသည်။

Khind အမှတ်တံဆိပ် Oven Toaster / Gas Cooker / Microwave Oven / Vaccum Cleaner/ Insect Killer / Air Pot ဓာတ်ဘူးများ၊ ရေနွေးကရား၊ ပေါင်မုန့်ကင်စက်၊ Blender / Rice Cooker / လျှပ်စစ်မီးပူ/ Hair Dryer / Emergency Light အမျိုးမျိုးနှင့် Mistral တံဆိပ်ဖြင့် Induction Cooker/ Glass Hob (မှန်မီးဖို), Cooker Hood (မီးဖိုချောင်သုံး အငွေ့စုပ်စက်)၊ ထမင်းပေါင်းအိုးနှင့် ပန်ကာမျိုးစုံတို့ကို အထူးသက်သာသော ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိသည်။

ဝယ်ယူရရှိနိုင်

ပြပွဲရှိ Khind, Mistral & Maco အရောင်းခန်းမ၌ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ပြီး ပြပွဲပြီးပါက လက်လီလက်ကား ဝယ်ယူလိုသူများသည် Maco Electronic အမှတ်(၂၀၄) စက်ရုံလမ်း မင်္ဂလာဈေးအနီး (MOB ဘဏ်ဘေး) တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၀၅၁၃၀နှင့် Khind World ၁၅၁ ဆူးလေဘုရားလမ်း ဗဟိုမီးသတ်အနီး ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၀၄၇၅တို့တွင် ဝယ်ယူရရှိနိုင်သည့်အပြင် မြန်မာပြည်အဝန်း Super Market / Hyper Market နှင့် အီလက်ထရွန်နစ် အရောင်းစင်တာကြီးများတွင်လည်း ဝယ်ယူရရှိနိုင်သည်။

Nano Silver နည်းပညာသုံး Side by Side Refrigerator ကို ယခင်ရောင်းဈေး ကျပ် ၁၈သိန်း ရှစ်သောင်းကို ကျပ် ၁၄သိန်း လေးသောင်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo၊
ပဌာန်းပါဠိတော်+
အာဋာနာဋိယသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **သံယောဇဉ်စွန့်မှ နိဗ္ဗာန်ရ**
တရားတော်
(ဆရာတော် အရှင်ဇဋိလ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ
(အပိုင်း-၉၆)
၈:၃၀ Sports World
(Strong Man)
၈:၅၅ ရွှေလာငွေလာ
သုံးရောင်ခြယ် မာလကာ
၉:၂၀ သွက်လက်လှမ်းချီ
စက်မှုကုန်တိုက်ဆီ
၉:၃၅ Movie Talk
[ဒါရိုက်တာကြည်စိုးထွန်း၊
မောင်ယဉ်ထွေး (ရှုမဝ)]
၁၀:၁၅ ပြောင်းလဲလာမည့်····သင့်ကမ္ဘာ
၁၀:၂၅ ဖက်ရှင်လမ်းညွှန်
(၂၀၁၀ အိန္ဒြာကျော်ဇင်
အထူး Calendar)
၁၀:၅၅ ဒေသအလိုက်အမျိုးသားကာကွယ်
ဆေးတိုက်နေ့များ
(ဒေါက်တာ ခင်မောင်လွင်၊
ဒေါက်တာ သန်းထွန်းအောင်၊
သရုပ်ဆောင် ရတနာခင်)
၁၁:၄၅ VJ Choice
၁၂:၁၅ ရွှေလာငွေလာ
သုံးရောင်ခြယ် မာလကာ
၁၂:၄၅ အနားယူ အပန်းဖြေစရာ
စိမ်းလန်းစိုပြည်ဥယျာဉ်မှာ
၁:၀၀ **သံယောဇဉ်စွန့်မှ နိဗ္ဗာန်ရ**
တရားတော်
(ဆရာတော် အရှင်ဇဋိလ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း
သရုပ်ဆောင်ကစ်ကစ် (အပိုင်း-၂)
၃:၁၀ **ချစ်တတ်ကြရအောင်**
ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊
ချစ်စနိုးဦး၊ သန်းသန်းစိုး၊
[ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)]
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ
(အပိုင်း-၉၆)
၄:၀၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ
(ဒေါက်တာ နိုက်တင်ဂေးလ်နှင့်
ဆွေးနွေးခန်း)
၄:၂၅ ပြောင်းလဲလာမည့်···သင့်ကမ္ဘာ
၄:၄၅ သွက်လက်လှမ်းချီ
စက်မှုကုန်တိုက်ဆီ
၅:၀၅ World of Knowledge
(Air Crash Investigation;
Who's Flying The Plane?)
၆:၀၀ MRTV-4 သတင်း
၆:၂၀ လှပသစ်ဆန်း အလှပြင်ခန်း
(Expression)
၆:၄၅ ပါရမီတက္ကစီစွမ်းဆောင်အား
ပြည်သူများအတွက် အလေးထား
၇:၀၀ ဖက်ရှင်လမ်းညွှန်
(၂၀၁၀ အိန္ဒြာကျော်ဇင်
အထူး Calendar)
၇:၂၅ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ VJ Choice
၉:၀၀ သူတို့ပြောတဲ့သူတို့အကြောင်း
သရုပ်ဆောင် ကစ်ကစ်
(အပိုင်း-၂)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ
(အပိုင်း-၉၆)
၁၀:၀၀ ပါရမီတက္ကစီစွမ်းဆောင်အား
ပြည်သူများအတွက် အလေးထား
၁၀:၂၀ အနားယူအပန်းဖြေစရာ
စိမ်းလမ်းစိုပြည်ဥယျာဉ်မှာ
၁၀:၃၀ လှပသစ်ဆန်း အလှပြင်ခန်း
(Expression)
၁၀:၅၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ
(ဒေါက်တာ နိုက်တင်ဂေးလ်နှင့်
ဆွေးနွေးခန်း)
၁၁:၁၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
(ချိုချိုဆိမ့်ဆိမ့်ကိတ်လိပ်
ပြုလုပ်နည်း)
၁၁:၂၅ ဟူးကောင်းချိုင့်ဝှမ်းမှ
ဆင်သုတေသနလုပ်ငန်း
၁၁:၄၅ အောင်မြင်ရှင်သန်နေသော
ရော်ဘာစိုက်ခင်းရရှိရေးအတွက်
ဆောင်ရွက်ရမည့်လုပ်ငန်းများ
၁၁:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ဆိပ်ကြီးခနောင်တိုနှင့် ဒလမြို့နယ်များသို့ နွေရာသီသောက်သုံးရေများ ဖြန့်ဝေနေမှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ဆိပ်ကမ်း၌ ဆိပ်ကြီးခနောင်တိုမြို့သို့ နွေရာသီသောက်သုံးရေ ဖြန့်ဝေပေးမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ရေဖြန့်ဝေပေးမှုအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခနောင်တိုချောင်းဝနှင့် လှိုင်းဘုန်းရွာတို့တွင် စက်တပ်သမ္ဗန်များဖြင့် သောက်သုံးရေဖြန့်ဝေပေးမှု၊ ခနောင်တိုအရှေ့ရပ်ကွက်တွင် ရေတင်သင်္ဘောဖြင့် မြို့နယ်အတွင်း ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အောင်မင်္ဂလာ သောက်ရေကန်သို့ ရောက်ရှိကြပြီး သောက်ရေကန်များတွင် ရေသိုလှောင်ထားရှိမှု အခြေအနေနှင့် သောက်သုံးရေဖြန့်ဝေပေးနိုင်မှု အခြေအနေများ၊ ရေပေးရေးစုရပ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရေဖြန့်ဝေနေမှုအခြေအနေများ၊ စံပယ်ခြံကန်အတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေနှင့် ရေကန်အတွင်း ရေထည့်သွင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဆိပ်ကြီးခနောင်တို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဒေသဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက သောက်သုံးရေ နှစ်စဉ်ဖြန့်ဝေပေးမှု အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးရေးဆောင်ရွက်မှုနှင့် ရေလုံလောက်စွာရရှိရေး စီစဉ်ဆောင်ရွက်ပေးမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြို့နယ်ပြည်သူ့ဆေးရုံ ဓာတ်မှန်ခန်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဆေးရုံရှေ့ရေပေးစုရပ်၌ ရေဖြန့်ဝေနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒလမြို့ ရေပေးရေးစခန်းသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက ဒလမြို့ သောက်သုံးရေဖြန့်ဝေပေးမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်ပေါက်ကျေးရွာမှ တစ်ဆင့် ဒလမြို့နေပြည်သူများအား ရေပိုက်စနစ်ဖြင့် သောက်သုံးရေဖြန့်ဝေနေမှုနှင့် ရေသယ်ယာဉ်များသို့ ရေတင်ပို့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဗိုလ်ရန်ပြေရပ်ကွက် ရေလှောင်ကန်အတွင်းတွင် ထည့်သွင်းသိုလှောင်ပြီး ထုတ်ယူအသုံးပြုမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါ်နန္ဒာမွန်းအား ယင်းဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာချိုဝင်းမော်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါက်တာတင်ငွေ ဒုတိယပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန	ပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
(ခ)	ပါမောက္ခဒေါက်တာ ဒေါ်စန်းစန်းမြင့်အောင် ပါမောက္ခ/ဌာနမှူး ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာဌာန ဆေးတက္ကသိုလ်(၂)ရန်ကုန် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ဂ)	ဒေါ်စန္ဒာခင် ဒုတိယပါမောက္ခချုပ်(သင်ကြား) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန	ပါမောက္ခချုပ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

ပြင်ဦးလွင် ဧပြီ ၂၉

ပြင်ဦးလွင်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသော မော်တော်ဆိုင်ကယ်နှင့် ယာဉ်တိုက်ခိုက်မှုအန္တရာယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများသိရှိလိုက်နာရန် ပညာပေးဟောပြောပွဲကို မတ် ၂၂ရက် နံနက် ၉နာရီက ပြင်ဦးလွင်မြို့ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ပရိသတ် ၂၀၀ကျော်တက်ရောက်ပြီး ရှေးဦးစွာ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက်ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးသက်လွင်၊ ခရိုင်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်နှင်းဖြူ၊ ပြင်ဦးလွင်မြို့နယ် ဥပဒေအရာရှိ ဒေါ်နန်းဝါဝါချို၊ ပြင်ဦးလွင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးမိုးပိုင်**(အပေါ်ပုံ)**က မော်တော်ဆိုင်ကယ်နှင့် ယာဉ်တိုက်ခိုက်မှုအန္တရာယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဟောပြောကြသည်။

(ကညန)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက် သုံးနှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်၊ မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

လိုက်နာရမည့်အချက်များ

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာ ဖုံးအုပ်ထားပါ။

(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။

(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လန်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။

(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။

(င) မိမိတို့ အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။

(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကိုဖို့ပါ။

(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။

(ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။

(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။ (အကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုးစသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဖျာပုံမြို့ အထက(၂)ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၃ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ဆရာ၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများပေးအပ်ကြစဉ်။

(၁၃၈)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည်

နေပြည်တော် ဧပြီ ၂၉

*ကျန်းမာရေးဝန်ကြီးဌာန မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဂျပန်နိုင်ငံမှ **Professor Dr. Yoshifumi Fujita** ဦးဆောင်သည့် ဂျပန်မျက်စိအထူးကုဆရာဝန်များ ပူးပေါင်း၍ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသခြင်းအစီအစဉ်ကို မေ ၃ရက်နှင့် ၄ရက်တို့တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဆောင်ရွက်မည်ဖြစ်သဖြင့် ပြသကုသလိုသူ မျက်စိဝေဒနာရှင်များသည် ယနေ့မှ ဧပြီ ၃၀ရက်အတွင်း နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မျက်စိအထူးကုဌာန၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။*

(သတင်းစဉ်)

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ပြန်လည်စတင် ဆွေးနွေးမည်

ဂျေရုဆလင် ဧပြီ ၂၉

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အီဂျစ်သမ္မတ မူဘာရက်နှင့် လာမည့် သီတင်းပတ်တွင်တွေ့ဆုံပြီး အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးမည်ဟု ဧပြီ ၂၈ ရက်က ပြောကြားသည်။

မျှော်လင့်

အစ္စရေးဝန်ကြီးချုပ်က ၎င်း၏ လီကွတ်ပါတီ အစည်းအဝေးကျင်းပစဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မကြာမီ ပြန်စနိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

ဆက်လက်ပြောကြား

ပါလက်စတိုင်း သမ္မတကလည်း ဆွေးနွေးပွဲများ ပြန်လည်ပြုလုပ်ရန် ရည်ရွယ်သည်ဟု မိမိသိရကြောင်း၊ ဆွေးနွေးပွဲကို လာမည့် ရက်သတ္တပတ်တွင်ဖြစ်မြောက်ပါက မိမိဝမ်းသာရမည်ဖြစ်ကြောင်း နေတန်ယာဟုက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

ဗီယက်နမ်ဝန်ကြီးချုပ် တရုတ်နိုင်ငံ ကျန်စုပြည်နယ်သို့ ရောက်ရှိ

နန်နင်း ဧပြီ ၂၉

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းသည် ဧပြီ၂၆ရက်က တရုတ်နိုင်ငံ ကျန်စုပြည်နယ်သို့ အလည်အပတ်ရောက်ရှိလာကြောင်း တရုတ်မီဒီယာများက ဧပြီ၂၈ရက်၌ ဖော်ပြသည်။

အဆိုပါခရီးစဉ်အတွင်း၌ ဝန်ကြီးချုပ် ငုယင်တန်ဇွန်းသည် ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ လူကိုကျန်နှင့် တွေ့ဆုံသည်။

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်း။

ဝန်ကြီးချုပ်ငုယင်တန်ဇွန်းသည် ဗီယက်နမ်နှင့်တရုတ်နှစ်နိုင်ငံ စီးပွားရေးနှင့်ကုန်သွယ်မှု ဆွေးနွေးပွဲတက်ရောက်သည့်အပြင် ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့လည်း တက်ရောက်မည်ဖြစ်သည်။

ကျန်စုပြည်နယ်နှင့် ဗီယက်နမ်တောင်ပိုင်း ဒေါင်နင်းပြည်နယ်တို့သည် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို ၁၉၉၅ ခုနှစ်က စတင်ထူထောင်ကာ ၁၉၉၈ခုနှစ်တွင် ပြည်နယ်နှစ်ခု အကျိုးတူလုပ်ဆောင်ခဲ့ပြီး ပညာရေး၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေး၊ ကုန်သွယ်မှုနှင့် သိပ္ပံနည်းပညာကဏ္ဍတို့တွင် ကူးလူးဆက်ဆံပူးပေါင်းဆောင်ရွက်ခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကမ္ဘာ့ကုန်စည်ပြပွဲ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ကမ္ဘာ့ကုန်စည်ပြပွဲ ပြတိုက်တွင် ပြသထားသော ယခင်ကမ္ဘာ့ကုန်စည်ပြပွဲ၏ ပုံစံငယ်များကို ဧပြီ ၂၉ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အီရန်နျူပြဿနာ တရားမျှတမှုရှိစေရန် ရုရှားနှင့်နော်ဝေ တိုက်တွန်းပြောကြား

မော်စကို ဧပြီ ၂၉

ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသည့် အီရန်နျူကလီးယားအစီအစဉ်ကို မြန်မြန်ဆန်ဆန်နှင့် သံတမန်ရေးအရ အဆုံးသတ်ရန် ရုရှားနှင့်နော်ဝေတို့က တရုတ်နိုင်ငံနည်းတူ တိုက်တွန်းကြောင်း အင်တာနက်သတင်း၌ ဧပြီ ၂၇ရက်က ဖော်ပြသည်။

ထုတ်ပြန်ကြေညာ

အီရန်နျူကလီးယားအစီအစဉ်အား နိုင်ငံရေးအရနှင့် သံတမန်ရေးရာအရ စောစီးစွာဖြေရှင်းရန် အဆိုပါနှစ်နိုင်ငံက လိုလားကြသည်ဟု ဥရောပနှစ်နိုင်ငံသမ္မတများက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ကြိုးပမ်း

အီရန်အနေဖြင့် နျူကလီးယားအစီအစဉ်ကို ငြိမ်းချမ်းစွာအဆိုပြုနိုင်ခွင့်ရှိသည်ဟု ရုရှားက အီရန်ဘက်မှ ကာကွယ်ပြောကြားပြီး ရှေ့မတိုးနောက်မဆုတ် အခြေအနေဆက်လက်ဖြစ်ပေါ်ပါက အရေးယူပိတ်ဆို့မှုအပေါ် ပြန်လည်စဉ်းစားရမည်ဟု ပြောကြားသည်။ ဗီတိုအာဏာအသုံးပြုနိုင်သည့် တရုတ်ကလည်း အီရန်အားထောက်ခံပြီး အခြားအဖွဲ့ဝင်နိုင်ငံများက အီရန်အပေါ် အရေးယူမှုမပြုလုပ်စေရန် ကြိုးပမ်းလျက်ရှိသည်။ **(အင်တာနက်)**

တောင်ကိုရီးယားနှင့် ရုရှားသံအမတ်ကြီးများ တွေ့ဆုံဆွေးနွေး

ဆိုးလ် ဧပြီ ၂၉

တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးသည် နျူကလီးယားလက်နက်လျှော့ချရေး ခြောက်နိုင်ငံဆွေးနွေးပွဲဆိုင်ရာ တောင်ကိုရီးယားအထူးသံအမတ်ကြီး ဝီဆောင်းလက်နှင့်တွေ့ဆုံရန် ဧပြီ ၂၈ ရက်တွင် ဆိုးလ်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်ခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဖော်ပြ

နှစ်နိုင်ငံ သံအမတ်ကြီးများအနေဖြင့် မကြာသေးမီက ဖြစ်ပွားခဲ့သည့် တောင်ကိုရီးယားရေတပ်သင်္ဘော နစ်မြုပ်မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေမှုများကို ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း ယုံဟပ်သတင်းဌာနက ဖော်ပြသည်။

ထို့ပြင် မြောက်ကိုရီးယား နျူကလီးယား လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ခြောက်နိုင်ငံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် ပြဿနာရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အစ္စရေးနှင့်လက်ဘနွန် စစ်မဖြစ်ပွားရေး အမေရိကန် တားဆီးပေးရန် အီဂျစ်တိုက်တွန်း

ကိုင်ရို ဧပြီ ၂၉

လက်ဘနွန်နိုင်ငံနှင့်ပတ်သက်၍ အစ္စရေးနှင့်နောက်ထပ်စစ်မဖြစ်ပွားစေရန် အမေရိကန်က တားဆီးသင့်ကြောင်း အီဂျစ်က ဧပြီ ၂၈ရက်၌ တိုက်တွန်းလိုက်ပြီး စစ်ရေးအရ အရေးယူမှုကြောင့် ဖြစ်ပေါ်နိုင်သည့် အကျိုးဆက်များကိုလည်း သတိပေးထားသည်။

ပြောကြား

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အဘူဂိတ်က အမေရိကန်၏အခန်းကဏ္ဍမှာ အရေးပါကြောင်း အလေးထားပြောကြားပြီး ရန်လိုတိုက်ခိုက်မှုများ ရှောင်ရှားနိုင်ရန် ဆောင်ရွက်သင့်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဇာကီကပြောကြားသည်။

ချိုးဖောက်

ရုရှားလုပ် စကတ်ဒုံးကျည်များ လက်ဘနွန်နိုင်ငံအတွင်း ရွှေ့ပြောင်းခဲ့ပါက လက်ဘနွန်နိုင်ငံသည် ထူးခြားသည့် အန္တရာယ်ဖြင့်ကြုံတွေ့နေရမည်ဟု မိမိတို့သုံးသပ်သည်ကို အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ကရော်လီက ပြောကြားသည်။ အစ္စရေးက ယင်း၏တပ်ဖွဲ့ဝင်များကို လက်ဘနွန်နယ်စပ်မြို့ အဘက်ဆီယာသို့စေလွှတ်ပြီး လက်ဘနွန်နိုင်ငံတောင်ပိုင်းဒေသအား ပစ်ခတ်တိုက်ခိုက်ကာ လက်ဘနွန် လေကြောင်းပိုင်နက်ကိုလည်း ချိုးဖောက်ခဲ့သည်။ **(အင်တာနက်)**

တောင်ကိုရီးယားနိုင်ငံတွင် အရှည်ပေ ၃၃ဒသမ၉ကီလိုမီတာရှိ ဆီမန်ဂီအန် ပင်လယ်ရေထိန်းနံရံကို ဧပြီ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို ဧပြီ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မက္ကဆီကိုနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု မြင့်တက်လာ

မက္ကဆီကိုစီးတီး ဧပြီ ၂၉

မက္ကဆီကိုနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ယခုနှစ် ပထမနှစ်လအတွင်း၌ ၃ဒသမ ၄ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဧပြီ ၂၇ရက်တွင် စာရင်းအင်းရုံး၏ စာရင်းဇယား၌ ဖော်ပြသည်။

ယခုနှစ်အတွင်း မက္ကဆီကိုနိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုသည် ၀ဒသမ၄၆ ရာခိုင်နှုန်းမြင့်တက်လာသည်ဟု ကမ္ဘာ့စီးပွားရေး အေဂျင်စီ(အိုင်ဂျီအေအီး)က သတင်းထုတ်ပြန်သည်။

၎င်းနိုင်ငံ၌ စက်မှုထုတ်ကုန်ကဏ္ဍတွင် သတ္တုတူးဖော်ရေးလုပ်ငန်းက ဦးဆောင်လျက်ရှိပြီး ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံကဏ္ဍတို့၌ ပိုမိုမြင့်တက်ခဲ့သည်။ **(အင်တာနက်)**

ပင်လယ်ရပ်ခြား စစ်စခန်း ဂျပန်ပထမဆုံး တည်ဆောက်

ပေကျင်း ဧပြီ ၂၉

ဂျပန်အစိုးရသည် အေဒင်ပင်လယ်ကွေ့အတွင်းရှိ အာဖရိကနိုင်ငံဖြစ်သော ဂျီဘူတီနိုင်ငံ၌ ပထမဆုံးပင်လယ်ရပ်ခြားစစ်စခန်းကို တည်ဆောက်လျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဧပြီ ၂၈ရက်က ဖော်ပြသည်။

ဆိုမာလီပင်လယ်ဓားပြနှိမ်နင်းရေးတွင် ပိုမိုထိရောက်စေရန်ဟူသော အကြောင်းပြချက်ဖြင့် အဆိုပါစစ်စခန်း တည်ဆောက်ရေးစီမံကိန်းကို အမေရိကန် ဒေါ်လာသန်း ၄၀ အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ရာ လာမည့်နှစ်အစပိုင်းတွင် အပြီးတည်ဆောက်သွားဖွယ်ရှိသည်ဟု သိရသည်။

ပင်လယ်ဓားပြ နှိမ်နင်းရေးတွင်ပါဝင်သည့် ဂျပန်တပ်ဖွဲ့ဝင် ၁၅၀တို့ ဂျီဘူတီရှိ အမေရိကန်စစ်စခန်း၌ တပ်စွဲနေထိုင်ကြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ဒိုမီနီကန်နှင့်ဟေတီ သဘောတူစာချုပ်

ဆန်တိုဒိုမန်ဂို ဧပြီ ၂၉

ဒိုမီနီကန်သမ္မတနိုင်ငံနှင့် ဟေတီနိုင်ငံတို့က စီးပွားရေးနှင့် စိုက်ပျိုးရေးအဖွဲ့အစည်းများအကြား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများဆိုင်ရာ သဘောတူစာချုပ်ကို ဧပြီ ၂၇ရက်က လက်မှတ်ရေးထိုးကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လက်မှတ်ရေးထိုး

အမေရိကန်ဒေါ်လာ ၅၅သန်းရှိ အကျိုးတူပူးပေါင်းရေး သဘောတူစာချုပ်ကို နှစ်ဖက်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ယင်းရင်းနှီးမြှုပ်နှံမှုများကို စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုမည်ဟုသိရသည်။

ချုပ်ဆိုခဲ့

ကုန်စည်ဖြန့်ဖြူးမှု လွယ်ကူချောမွေ့စေရေးအတွက် နှစ်နိုင်ငံအနေဖြင့် ဆိပ်ကမ်း၊ လေဆိပ်နှင့်အဝေးပြေးလမ်းမတို့ကို ပူးပေါင်းပြုပြင်နိုင်ရန် ရည်ရွယ်၍ ယင်းကဲ့သို့ သဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်းလည်းဖြစ်သည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဆိုမာလီ ဓားပြများအား အရေးယူရန် ကုလသမဂ္ဂ ဆုံးဖြတ်

နယူးယောက် ဧပြီ ၂၉

နိုင်ငံအားလုံးက ယင်းတို့၏ ပြည်တွင်းဥပဒေအရ ဓားပြတိုက်မှုကို ပြစ်မှုအဖြစ် ပြဋ္ဌာန်းရန် တိုက်တွန်းထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်လိုက်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဧပြီ ၂၈ ရက်က ဖော်ပြထားသည်။

၁၅နိုင်ငံပါဝင်သည့် လုံခြုံရေးကောင်စီက ရုရှားရေးဆွဲသည့် မူကြမ်းဆုံးဖြတ်ချက်ကို ဧပြီ ၂၈ရက်တွင် တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်ကြခြင်းဖြစ်သည်။ ထို့အပြင် ဆိုမာလီယာနိုင်ငံ ကမ်းလွန်တွင် ဖမ်းမိသည့် ဓားပြများအား စွဲချက်တင်ရန် လွယ်ကူစေမည့် အထူးဓားပြ တရားစွဲရေး တရားရုံးများ ထူထောင်ပေးရန်ကိုလည်း လုံခြုံရေးကောင်စီက တိုက်တွန်းသည်။

လုံခြုံရေးကောင်စီက ဓားပြများအား စွဲချက်တင်မည့်နည်းလမ်းများကို သုံးလအတွင်းတင်ပြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက လုံခြုံရေးကောင်စီအား တိုက်တွန်းသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အစွရေးတို့ကြောင့် ပါလက်စတိုင်းကလေးနှစ်ဦး သေဆုံး

အစ္စရေးတပ်ဖွဲ့ဝင်များ စီးနင်းမောင်းနှင်လာသော ဂျစ်ကားတစ်စီးနှင့် ထရပ်ကားတစ်စီးတို့ ဧပြီ ၂၉ရက်က တိုက်မိခဲ့သဖြင့် ပါလက်စတိုင်းကလေးငယ်နှစ်ဦးသေဆုံးခဲ့ကြောင်း၊ ဖြစ်ပွားမှုမှာ အနောက်ဘက်ကမ်းမြောင်ဒေသနှင့် အီဂျစ်နယ်စပ်၌ဖြစ်ကြောင်း ပါလက်စတိုင်းအရာရှိများက ဧပြီ ၂၉ရက်၌ ပြောကြားသည်။

မက္ကဆီကိုပင်လယ်ကွေ့၌ ရေနံများယိုဖိတ်ခဲ့

မက္ကဆီကိုပင်လယ်ကွေ့ရှိ အမေရိကန်ကမ်းလွန်ရေနံတူးစင်တစ်ခုတွင် မကြာမီက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာမှ ရေနံများယိုဖိတ်ထွက်ရှိမှုကြောင့် မက္ကဆီကိုပင်လယ်ကွေ့ရေပြင်တွင် ရေနံများကီလိုမီတာ ၁၀၀၀ခန့်အထိ ဖုံးလွှမ်းနေသဖြင့် ရှင်းလင်းရေးအဖွဲ့က အမြန်ရှင်းလင်းဖယ်ရှားနေကြောင်း အမေရိကန်အရာရှိများက ဧပြီ ၂၉ရက်၌ပြောကြားသည်။

အီရန်နှင့်တူရကီ နယ်ပယ်စုံ၌ လက်တွဲပူးပေါင်းမည်

အီရန်နှင့် တူရကီနှစ်နိုင်ငံတို့သည် နယ်ပယ်ကဏ္ဍစုံတွင် အတူလက်တွဲပူးပေါင်းဆောင်ရွက်သွားရန် ဧပြီ ၂၉ရက်၌ နှစ်နိုင်ငံကိုယ်စားလှယ်များက သဘောတူညီချက်လက်မှတ်ရေးထိုးလိုက်ကြသည်။

အီဂျစ်တပ်ဖွဲ့ဝင်များပစ်ခတ်မှု ပါလက်စတိုင်းလေးဦးသေဆုံး

အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသနှင့် အီဂျစ်နိုင်ငံနယ်စပ်ကို ဆက်သွယ်ဖောက်လုပ်ထားသော ဥမင်လိုဏ်များအတွင်း ပါလက်စတိုင်းလေးဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ဧပြီ ၂၉ရက်၌ ပြောကြားသည်။

ဩစတြေးလျ၌ စီးကရက်အမှတ်တံဆိပ်များ ပိတ်ပင်

ဩစတြေးလျနိုင်ငံတစ်ဝန်းတွင် စီးကရက်တင်သွင်းဖြန့်ဖြူးမှု ပိတ်ပင်သည့်အပြင် စီးကရက်အမှတ်တံဆိပ်ထုပ်ပိုးမှု ကြော်ငြာပုံစံများကိုလည်း တားဆီးပိတ်ပင်လိုက်ကြောင်း ဩစတြေးလျအရာရှိများက ဧပြီ ၂၉ရက်၌ ပြောကြားသည်။

အိုက်စလန် မီးတောင်ပြာမှုန်များကြောင့် ဆုံးရှုံးမှုများပြား

အိုက်စလန်မီးတောင်ပေါက်ကွဲမှုမှထွက်ရှိလာသော ပြာမှုန်များကြောင့် ဥရောပနိုင်ငံများတွင် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရခြင်း၊ မြေဆီလွှာများပျက်စီးရခြင်းတို့၏ ဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၂ဒသမ ၅ဘီလီယံဖိုးခန့်ရှိခဲ့ကြောင်း သုတေသနပညာရှင်များက ဧပြီ ၂၉ရက်၌ ပြောကြားသည်။

တရုတ်နှင့် ဥရောပသမဂ္ဂနိုင်ငံများ တွေ့ဆုံ

တရုတ်နှင့်ဥရောပသမဂ္ဂနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေး အဆင့်မြင့်အစည်းအဝေးကို ဧပြီ ၂၉ရက်တွင် ပေကျင်းမြို့၌ ကျင်းပလျက်ရှိသည်ဟု အမျိုးသားဖွံ့ဖြိုးမှုကော်မရှင်က သတင်းထုတ်ပြန်သည်။

တူရကီအရှေ့တောင်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား

တူရကီနိုင်ငံအရှေ့တောင်ပိုင်း ဆမ်ဒင်လ်ခရိုင်အတွင်း တူရကီတပ်ဖွဲ့ဝင်များနှင့် ကာ့ဒ်သူပုန်တို့ တိုက်ခိုက်မှုဖြစ်ပွားရာ တူရကီတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း တူရကီစစ်ဘက်က ဧပြီ ၂၉ရက်၌ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

တိုယိုတာကားအစီး ၅၀၀၀၀ ဈေးကွက်မှပြန်သိမ်းယူ

တိုယိုတာကားများတွင် ဘရိတ်နှင့်ဂီယာများ၏လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးရန် အမေရိကန်နှင့် ဥရောပဈေးကွက်သို့ ဖြန့်ချိထားသော မော်တော်ကားအစီး ၅၀၀၀၀အား ဈေးကွက်မှ ပြန်သိမ်းယူနေကြောင်း တိုယိုတာကားကုမ္ပဏီ၏ အမေရိကန်ဌာနခွဲမှ အရာရှိများက ဧပြီ ၂၉ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

တာချီလိတ်မြို့နယ် ပန်ဟတ်ကျေးရွာတွင် ပညာ့အလင်းရောင် စာကြည့်တိုက်အဆောက်အအုံဖွင့်

တာချီလိတ် ဧပြီ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ပန်ဟတ်ကျေးရွာ ပညာ့အလင်းရောင် စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် ညနေ၃နာရီခွဲက အဆိုပါအဆောက်အအုံရှေ့၌ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ တာချီလိတ်ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဆောက်အအုံအတွက် အလှူငွေကျပ် ၂၂၅၀၀၀ကို ခရိုင်အတွင်းရေးမှူး ဦးသန်းဌေးကလည်းကောင်း၊ ဦးစိုင်းရှုန်(မြန်မာ့ရေနံ)က အလှူငွေကျပ်တစ်သိန်းနှင့် ဘီလပ်မြေ လေးအိတ်ကိုလည်းကောင်း၊ ကျေးရွာစေတနာရှင် အလှူရှင်များက ငွေကျပ် ၄၈၂၇၀၀ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းသန်းဦးကလည်းကောင်း လှူဒါန်းကြသည်။ အဆိုပါစာကြည့်တိုက်အဆောက်အအုံကို နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၀သိန်း၊ အလှူရှင်များမှလှူဒါန်းငွေကျပ် ၈၂၃၇၀၀အပါအဝင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၈၂၃၇၀၀ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်သော ကျေးလက်ရှင်မုတ္တီးကျေးရွာ လက်တူးတွင်း ဆောင်ရွက်ပြီးစီး၍ ဆေးသုတ်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းဝင်းလတ် ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေး ဆွေးနွေး

သီပေါ ဧပြီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းထွန်းသိန်းနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးနေစိုးဟန်တို့သည် ဧပြီ ၂၃ရက်က နမ့်အွမ်ကျေးရွာ(စဥ့်အင်) ကိုယ့်အားကိုယ်ကိုးပညာ့အလင်း စာကြည့်တိုက်၌ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့်ပြည့်စုံရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေး

အခမ်းအနားတွင် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းကျော်ဆွေ၊ စာကြည့်တိုက်မှူး ဦးစိုင်းစန်းလွင်၊ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စာပေဝါသနာရှင်များတက်ရောက်ကြပြီး ကျေးရွာဥက္ကဋ္ဌက စံ(၅)ချက်နှင့် ပြည့်စုံသောခိုင်မာ စာကြည့်တိုက်ဖြစ်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ (ဝ၂ဝ)

တစ်ချက်တည်း ကျင်းဝင်ခဲ့

ရန်ကုန် ဧပြီ ၂၉

ဦးလှသွင်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဧပြီ ၂၁ရက် မွန်းလွဲ ၂နာရီမိနစ်၄၀က ဂေါက်သီးရိုက် ကစားစဉ် ကျင်းအမှတ်(၇)၌ ၁၄၃ကိုက်အကွာမှ SRIXON-1 ဘောလုံးကို Taylar Made-9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။ ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဦးအောင်အောင်၊ ဦးမြင့်ထွန်းတို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

စင်ကာပူနိုင်ငံနေ Mr. John Tay မှ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး၊ အဖွဲ့ဝင် ဦးစိုးအောင်ကျော်နှင့် ဒေါ်ချောကလျာတို့က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြဝတီ-မဲထော်သလေး ကတ္တရာလမ်းသစ်ဖွင့်

မြဝတီ ဧပြီ ၂၉

မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော မြဝတီ-မဲထော်သလေးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက်က အဆိုပါ လမ်းမှန်ဦး၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြဝတီ-မဲထော်သလေးလမ်း ကတ္တရာလမ်းသစ်ကို မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အကုန်အကျခံ

အဆိုပါလမ်းကို ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် အလျား ပေ၄၀၅၀၊ အကျယ် ၁၂ပေရှိ ကတ္တရာလမ်းသစ်ကို ငွေကျပ် ၄၁၄၀၀၀၀၀ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အစည်းအဝေး(၂၃ /၂၀၁၀)ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အစည်းအဝေး(၂၃ /၂၀၁၀)ကျင်းပ

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အစည်းအဝေး(၂၃ /၂၀၁၀)ကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

စိစစ်ဆောင်ရွက်

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များနှင့် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းကိစ္စများ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ကော်မရှင်ဥက္ကဋ္ဌဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သိန်းနီမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

သိန်းနီ ဧပြီ ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၁၈ရက် မွန်းလွဲ ၁နာရီက ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရဲထွဋ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်စောတို့က ကြီးကြပ်၍ စည်ပင်သာယာဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်ကြသည်။ **(လားရှိုးကိုယ်ပွား)**

မြောက်ပိုင်းဒေသများ၌ နေ့အပူချိန်လျော့လာ

နေပြည်တော် ဧပြီ ၂၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက ပဲခူးတိုင်းတွင် နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ညောင်လေးပင်မြို့တွင် ၁ ဒသမ ၉၃ လက်မနှင့် ရွှေကျင်မြို့တွင် ၀ဒသမ ၆၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဧပြီ ၃၀ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် (မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေ့အပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကမ္ဘာ့ပဲညီလာခံအစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း တွဲဖက်အတွင်းရေးမှူးနှင့်အဖွဲ့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၉

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ မေ ၁ရက်မှ ၄ရက်အထိ International Pulses Trade and Industry Confederation ကကြီးမှူးကျင်းပသည့် ကမ္ဘာ့ပဲညီလာခံ အစည်းအဝေးသို့တက်ရောက်ရန် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဦးစိုးပိုင်နှင့် အလုပ်အမှုဆောင် ဦးတင်မောင်လတ်တို့သည် ဧပြီ ၂၉ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်၊ အတွင်းရေးမှူး ဦးမင်းကိုဦးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

ဆင်ဖြူကျွန်းအထက မဂ္ဂဇင်းဖြစ်မြောက်ရေး စည်းဝေးမည်

ရန်ကုန် ဧပြီ ၂၉

ဆင်ဖြူကျွန်းအသင်း (ရန်ကုန်) မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီက ဆင်ဖြူကျွန်းမြို့ အမျိုးသားကျောင်း ဆင်ဖြူကျွန်းအထက နှစ် (၉၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် အစည်းအဝေးနှင့် ဘွဲ့ခံဂုဏ်ပြုပူဇော်ပွဲကို မေ ၂ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ကုန်သွယ်လယ်ယာမြွှာရုံ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်နေမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာတို့ ကြည့်ရှုစစ်ဆေးရာ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၉

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ ပြည့်နှစ် ဧပြီ ၂၉ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ “ ၀ ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီနှင့် အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ ပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့များအနက် အောက်ပါအဖွဲ့များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ပြည့်နှစ် ဧပြီ၂၉ရက်တွင် နိုင်ငံရေးပါတီများအဖြစ် တည်ထောင်ခွင့်ပြုလိုက်သည် -

(၁) ဒီမိုကရက်တစ်ပါတီ (မြန်မာ)
(၂) ကရင်ပြည်သူ့ပါတီ
(၃) အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်
(၄) မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
(၅) မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ
(၆) ခေတ်သစ်ပြည်သူ့ပါတီ

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ (၂၅)ဖွဲ့ ရှိသည့်အနက် အဖွဲ့(၁၂)ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီး ဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မှတ်ပုံတင်ခွင့်ပြု

ထို့ပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅တွင် အကျုံးဝင်သော ပါတီများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့် လျှောက်ထားလျက်ရှိကြရာ ယင်းပါတီများအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ပြည့်နှစ် ဧပြီ ၂၉ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

စိစစ်ဆောင်ရွက်

ယနေ့အထိ နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄)ပါတီရှိသည့်အနက် ပါတီ(၃) ပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့်နေ့အပူချိန်များ

၂၉-၄-၂၀၁၀

သာယာဝတီမြို့	၄၁ ဒသမ ၇ ဒီဂရီစင်တီဂရိတ်
နေပြည်တော်(ရေဆင်း)	၄၁ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၁ ဒီဂရီစင်တီဂရိတ်
ဟင်္သာတမြို့	၄၀ ဒသမ ၈ဒီဂရီစင်တီဂရိတ်

ကညွတ်ကွင်းမြို့ အမှတ် (၃)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးက ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မြင့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၂၀/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၀ / ၂၀၁၀)
၁၃၇၂ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ရက်
(၂၀၁၀ပြည့်နှစ်၊ ဧပြီလ ၂၉ရက်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အောင်ဇေယျာလမ်း၊ အမှတ်(၂၄)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအား ၂၀၁၀ပြည့်နှစ်၊ ဧပြီလ ၂၉ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၂) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၂၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၁ / ၂၀၁၀)
၁၃၇၂ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ရက်
(၂၀၁၀ပြည့်နှစ်၊ ဧပြီလ ၂၉ရက်)

လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ ပါရမီလမ်း၊ လမ်းသွယ်(၄)၊ အမှတ်(၄၃)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား ၂၀၁၀ပြည့်နှစ်၊ ဧပြီလ ၂၉ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၃) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

* ကျောဖုံးမှ

စဉ်	ပါတီအမည်	လျှောက်ထားသည့်ရက်	လျှောက်ထားသည့်ပုဂ္ဂိုလ်နှင့်ဦးရေ
၇။	ကချင်ပြည်နယ်တိုးတက်ရေးပါတီ	(၅-၄-၂၀၁၀)	ဒေါက်တာမနမ်တူးဂျာ ပါ (၁၅)ဦး
၈။	မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ	(၅-၄-၂၀၁၀)	ဦးဇင်အောင် ပါ (၁၇)ဦး
၉။	မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ	(၆-၄-၂၀၁၀)	ဦးနေမျိုးဝေ ပါ (၁၇)ဦး
၁၀။	ခေတ်သစ်ပြည်သူ့ပါတီ	(၆-၄-၂၀၁၀)	ဦးထွန်းအောင်ကျော် ပါ (၃၄)ဦး
၁၁။	ချင်းအမျိုးသားပါတီ	(၇-၄-၂၀၁၀)	ဦးဇမ်ကျင်ပေါ် (ခ) ဦးဖိုဇမ်း ပါ (၁၆)ဦး
၁၂။	ပြည်ထောင်စု ဒီမိုကရေစီပါတီ	(၈-၄-၂၀၁၀)	ဦးရွှေအုံး ပါ (၁၅)ဦး
၁၃။	ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ	(၈-၄-၂၀၁၀)	ဦးစိုင်းအိုက်ပေါင်း ပါ (၁၅)ဦး
၁၄။	တအာင်း (ပလောင်) အမျိုးသားပါတီ	(၈-၄-၂၀၁၀)	ဦးအိုက်မုန်း ပါ (၁၅)ဦး
၁၅။	ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)	(၉-၄-၂၀၁၀)	ဦးရဲမင်း ပါ (၂၁)ဦး
၁၆။	"ဝ"ဒီမိုကရက်တစ်ပါတီ	(၉-၄-၂၀၁၀)	ဦးခွန်ထွန်းလူ (ခ) ဦးထွန်းလူ ပါ (၁၅)ဦး
၁၇။	ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ	(၂၃-၄-၂၀၁၀)	ဦးစောခင်မောင်မြင့် ပါ (၁၅)ဦး
၁၈။	ရှမ်းပြည်နယ် (မြောက်ပိုင်း) တိုးတက်ရေးပါတီ	(၂၃-၄-၂၀၁၀)	ဦးချန်းခေါ ပါ (၁၅)ဦး
၁၉။	ချင်းတိုးတက်ရေးပါတီ	(၂၃-၄-၂၀၁၀)	ဦးပေါ်လျှံလွင် ပါ (၂၂)ဦး
၂၀။	ကယန်းအမျိုးသားပါတီ	(၂၆-၄-၂၀၁၀)	ဦးခူးယူဂျင်း ပါ (၁၇)ဦး
၂၁။	အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ	(၂၆-၄-၂၀၁၀)	ဦးလှသိန်း ပါ (၂၁)ဦး
၂၂။	မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အမျိုးသားအင်အားစု	(၂၈-၄-၂၀၁၀)	ဦးအေးကြိုင် ပါ (၁၅)ဦး
၂၃။	ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ	(၂၉-၄-၂၀၁၀)	ဦးသိန်းစိန် ပါ (၂၇)ဦး
၂၄။	"ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ	(၂၉-၄-၂၀၁၀)	ဦးစောဖီးလစ် ပါ (၁၅)ဦး
၂၅။	အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	(၂၉-၄-၂၀၁၀)	ဦးအောင်ကြည်ဝင်း ပါ (၁၅)ဦး

ယင်းသို့ နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ (၂၅)ဖွဲ့အနက် အောက်ပါအဖွဲ့ (၁၂)ဖွဲ့ကို နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ပြီး ကျန်အဖွဲ့များကို ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်-

စဉ်	ပါတီအမည်	ခွင့်ပြုသည့်ရက်
၁။	၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စု မြန်မာနိုင်ငံ)	(၂၂-၄-၂၀၁၀)
၂။	ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်	(၂၂-၄-၂၀၁၀)
၃။	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်	(၂၃-၄-၂၀၁၀)
၄။	တအာင်း(ပလောင်)အမျိုးသားပါတီ	(၂၃-၄-၂၀၁၀)
၅။	ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)	(၂၃-၄-၂၀၁၀)
၆။	"ဝ" ဒီမိုကရက်တစ်ပါတီ	(၂၈-၄-၂၀၁၀)
၇။	ဒီမိုကရက်တစ်ပါတီ(မြန်မာ)	(၂၉-၄-၂၀၁၀)
၈။	ကရင်ပြည်သူ့ပါတီ	(၂၉-၄-၂၀၁၀)
၉။	အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်	(၂၉-၄-၂၀၁၀)
၁၀။	မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ	(၂၉-၄-၂၀၁၀)
၁၁။	မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ	(၂၉-၄-၂၀၁၀)
၁၂။	ခေတ်သစ်ပြည်သူ့ပါတီ	(၂၉-၄-၂၀၁၀)

ထို့အပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ (၂၅)တွင် အကျုံးဝင်သည့် ပါတီများအနေဖြင့်လည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားလျက်ရှိရာ ယနေ့အထိ အောက်ပါအတိုင်း လျှောက်ထားသည့် ပါတီ (၄)ပါတီရှိပြီဖြစ်သည်-

စဉ်	ပါတီအမည်	လျှောက်ထားသည့်ရက်	ပါတီခေါင်းဆောင်များ
၁။	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	(၂၉-၃-၂၀၁၀)	ဦးထွန်းရီနှင့် ဦးသန်းတင်
၂။	ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်	(၈-၄-၂၀၁၀)	ဦးစောမောင်ချောနှင့် ဦးစောသန်းအောင်
၃။	မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(မ-ခ-မ-ည-ဖ)	(၉-၄-၂၀၁၀)	ဦးစံသာအောင်နှင့် ဦးလာဘွေ
၄။	လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	(၂၃-၄-၂၀၁၀)	ဦးကျာဟားရှဲနှင့် ဦးယောသပ်

ထိုသို့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ (၂၅)တွင် အကျုံးဝင်ပြီး နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ (၄) ပါတီအနက် အောက်ပါပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်သည်-

စဉ်	ပါတီအမည်	ခွင့်ပြုသည့်ရက်
၁။	မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(မ-ခ-မ-ည-ဖ)	(၂၈-၄-၂၀၁၀)
၂။	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	(၂၉-၄-၂၀၁၀)
၃။	လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	(၂၉-၄-၂၀၁၀)

သို့ဖြစ်ရာ ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့ (၁၂)ဖွဲ့အား နိုင်ငံရေးပါတီတည်ထောင်ခွင့်ကိုလည်းကောင်း၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃)ပါတီတို့အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကိုလည်းကောင်း ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ပါတီများကိုလည်း ခွင့်ပြုနိုင်ရေးအတွက် လိုအပ်သည်များ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၁၅ ၆။ အကပြိုင်ပွဲ
၈:၃၀ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၄၀ ၈။ International News
၈:၄၅ ၉။ **ရင်နှစ်ပန်းတို့ လန်းစေချင်**

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄:၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရသစာပေ၊ အရှေ့တိုင်းပညာ အထူးပြုများ) (ဒဿနိကဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၀၀ ၇။ မြန်မာစာ မြန်မာစကား
၅:၁၅ ၈။ ဂီတသံစဉ် အလှဆင်
၅:၃၀ ၉။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ် (ဆုရ မောင်ရဲထွဋ်)
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၃၀)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၁၁)
၁၉။ သီချင်းချစ်သူ (ဗစ်တာခင်ညို)
၂၀။ အစီအစဉ်ပြီး၏။

မြို့တော်ဘိလပ်မြေစက်ရုံ

- ❒ ယနေ့ ဖွင့်လှစ်လိုက်သည့် ဘိလပ်မြေစက်ရုံမှ ထုတ်လုပ်သည့် ဘိလပ်မြေများဖြင့် ရန်ကုန်မြို့ရှိ လမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်။
- ❒ ယင်းကဲ့သို့ ရန်ကုန်မြို့ရှိ လမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် ဤစက်ရုံကို တည်ထောင်ပေးခဲ့ခြင်းဖြစ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဘိလပ်မြေစက်ရုံ ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

တက်ရောက်

စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့တော်ဘိလပ်မြေစက်ရုံ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co., Ltd. မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့နှင့် မြို့တော် မင်္ဂလာစည်တော်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co., Ltd.မှ Import & Export Manager Ms. Liu Yaqin တို့က မြို့တော်ဘိလပ်မြေ စက်ရုံမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမုခ်ဦးရှေ့၌ စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co.,Ltd. မှ Import & Export Manager Ms. Liu Yaqin တို့ မြို့တော်ဘိလပ်မြေစက်ရုံမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ဝန်ကြီးချုပ်သည် စက်ရုံ ဗဟိုထိန်းချုပ်ခန်းမအဆောက်အအုံရှိ စက်ရုံကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ပက်ဖျန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် မြို့တော်ဝန်တို့က စက်ရုံကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓာတ်ခွဲစမ်းသပ်ခန်း၊ ဗဟိုထိန်းချုပ်ခန်းမ၊ မီးသင်းဖိုနှင့် ထုပ်ပိုးဌာနတို့၌ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စက်များ လည်ပတ်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စက်ရုံ ရှင်းလင်းဆောင်၌ နိုင်ငံတော် ဝန်ကြီးချုပ်အား မြို့တော်ဝန်က မြို့တော်ဘိလပ်မြေ စက်ရုံစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ စက်ရုံတည်နေရာနှင့် အကျယ်အဝန်း၊ ကုန်ကြမ်းပစ္စည်း လိုအပ်မှုနှင့် ရရှိနိုင်မှု အခြေအနေ၊ လျှပ်စစ်ဓာတ်အား လောင်စာနှင့် ရေ ရရှိမှု၊ စက်ရုံအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် စက်များ စမ်းသပ်လည်ပတ်မှု၊ ဝန်ထမ်းအင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဖြည့်ဆည်းပေးပြီး ထုတ်လုပ်သည့် ဘိလပ်မြေများ အရည်အသွေးပြည့်မီရေးနှင့် စက်များ စွမ်းအားပြည့်လည်ပတ်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးချုပ်သည် Jiangsu Pengfei Group Co., Ltd. မှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး ဘိလပ်မြေ စက်ရုံ၏ ကုန်ကြမ်းပစ္စည်း နမူနာများနှင့် ဘိလပ်မြေနမူနာများကို ကြည့်ရှု စစ်ဆေးသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဘိလပ်မြေ စက်ရုံသည် မန္တလေးတိုင်း သာစည် မြို့နယ် သာစည်-ကလော ကားလမ်းရှိ ပြည်သောင်ကျေးရွာ၏ အရှေ့တောင်ဘက် ၄ မိုင်ခန့်အကွာ၌ တည်ရှိပြီး တစ်ရက်လျှင် တန် ၅၀၀ကျ ထုတ်လုပ်မည် ဖြစ်သည်။

ရည်ရွယ်တည်ဆောက်

အဆိုပါ စက်ရုံကို ရန်ကုန်မြို့ တည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ တံတားနှင့် ရေစီးရေလာလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် ရန်ကုန်မြို့ရှိ လမ်းများကို ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင် ပြောင်းလဲဖောက်လုပ်နိုင်ရေးတို့အတွက် လိုအပ်သည့် ဘိလပ်မြေများ ထုတ်လုပ်နိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်း ဖြစ်သည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ဘိလပ်မြေစက်ရုံမှ ထုတ်လုပ်သည့် ဘိလပ်မြေများဖြင့် ရန်ကုန်မြို့ရှိ လမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းကဲ့သို့ ရန်ကုန်မြို့ရှိ လမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် ဤစက်ရုံကို တည်ထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဘိလပ်မြေစက်ရုံဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ဗဟိုထိန်းချုပ်ခန်းမ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြို့တော်ဘိလပ်မြေစက်ရုံ ဗဟိုထိန်းချုပ်ခန်းမ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထုပ်ပိုးဌာန

နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် မြို့တော်ဘိလပ်မြေစက်ရုံ ထုပ်ပိုးဌာန၌ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးချုပ်သည် Jiangsu Pengfei Group Co., Ltd. မှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး ဘိလပ်မြေစက်ရုံ၏ ကုန်ကြမ်းပစ္စည်း နမူနာများနှင့် ဘိလပ်မြေနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဘိလပ်မြေစက်ရုံသည် မန္တလေးတိုင်း သာစည်မြို့နယ် သာစည်-ကလော ကားလမ်းရှိ ပြည်ညောင်ကျေးရွာ၏ အရှေ့တောင်ဘက် ၄ မိုင်ခန့်အကွာ၌ တည်ရှိပြီး တစ်ရက်လျှင် တန် ၅၀၀ကျ ထုတ်လုပ်မည် ဖြစ်သည်။

ရည်ရွယ်တည်ဆောက်

အဆိုပါ စက်ရုံကို ရန်ကုန်မြို့ တည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ တံတားနှင့် ရေစီးရေလာလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် ရန်ကုန်မြို့ရှိ လမ်းများကို ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင် ပြောင်းလဲဖောက်လုပ်နိုင်ရေးတို့အတွက် လိုအပ်သည့် ဘိလပ်မြေများ ထုတ်လုပ်နိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်း ဖြစ်သည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ဘိလပ်မြေစက်ရုံမှ ထုတ်လုပ်သည့် ဘိလပ်မြေများဖြင့် ရန်ကုန်မြို့ရှိ လမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းကဲ့သို့ ရန်ကုန်မြို့ရှိ လမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် ဤစက်ရုံကို တည်ထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃၀-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၄၀	၃။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀	၅။	မဟာဂီတချိုကြည်မြ
၅း၀၀	၆။	မျိုးချစ်တပ်မတော်
၅း၀၅	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၂၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ပျားတို့လောက** (အပိုင်း-၁)
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၀	၁၄။	**ရှာ** ဟာသဇာတ်လမ်းတွဲ **အိပ်မက်အခွံ** မေတ္တာ၊ ချစ်ဖွယ်၊ ပေါ်လေး၊ ဂွမ်းပုံ၊ ဝင်းသပြေထွန်း (ဒါရိုက်တာ-မိုးဇော်ကို)
၆း၅၀	၁၅။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** အပိုင်း(၄)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ရှင်သန်နေသောသီချင်းများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၄၁)
	၂၄။	ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်

၂၀၁၀ ခုနှစ် နွေရာသီ ဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နွေရာသီ ဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၈နာရီမှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် ဘတ်စကက်ဘော အားကစားသမားဟောင်း ဦးမြင့်သိန်း၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘတ်စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရ

အမျိုးသား အသက် ၁၆နှစ်အောက် အကြိုဗိုလ်လုပွဲတွင် VENOM အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) (B) အသင်းကို ၆၉မှတ်၊ ၃၄မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းက ILBC အသင်းကို ၁၁၈မှတ်၊ ၄၇မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး ဗိုလ်လုပွဲသို့ တက်သွားကြသည်။

အမျိုးသား အသက် ၂၀အောက် အကြိုဗိုလ်လုပွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း-DGH)အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) (A)အသင်းကို ၁၀၆မှတ်၊ ၅၀မှတ်ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့တက်သွားသည်။ ဗိုလ်လုပွဲများနှင့် တတိယနေရာလုပွဲများကို ဧပြီ ၃၀ရက် နံနက် ၈နာရီမှစတင်၍ ယင်းမိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

30-4 (10).pmd 1 4/30/2010, 1:43 AM

ဤသို့ သိစေသင့်ပါသည်

သိပ္ပံမျိုးတင်

လွန်ခဲ့သည့် လေးငါးနှစ်ခန့်က ကျွန်တော့်ကို ဖိတ်ကြားသဖြင့် ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်သို့ သုံးလေးကြိမ်သွားရောက်ပြီး ကျန်းမာရေးဗဟုသုတ ပြန့်ပွားရေးများ ဟောပြောခဲ့ပါသည်။ ထိုစဉ်တွင် ကျွန်တော်က လူတိုင်းတွင်ရှိသော ခုခံအားအကြောင်းကို သိရှိနားလည်အောင် ပြောပြကြပါက လူအများ ရောဂါဘယမှ ကင်းလွတ်နိုင်ကြမည်ဖြစ်သဖြင့် သမီးငယ်များ မိမိတို့တာဝန်ထမ်းဆောင်ရာ ကျေးရွာစသည်များသို့ ရောက်သောအခါ ခုခံအားအကြောင်း ပြောဟောကြပါဟု မေတ္တာရပ်ခဲ့သည်ကို သမီးငယ်များ မှတ်မိကြမည်ထင်ပါသည်။ သူတို့လေးများ မှတ်သားပြီး ပြောဟောပြသတတ်ရန် ကျွန်တော်က အောက်ပါအတိုင်း ရှင်းလင်းပြသ ဟောပြောခဲ့ပါသည်။

ရောဂါဆိုးပိုးမျိုးပေါင်း ရာထောင်၊ အရေအတွက်ပေါင်း ကုဋေကုဋာတို့က မွေးလာမည့်လူသားကို သတ်အံ့သောငှာ စောင့်နေကြသော ဝန်းကျင်အတွင်း သဘာဝကြီးက စေလွှတ်လိုက်သောအခါ ထိုလူသားကို တစ်ကိုယ်တည်း၊ အထီးကျန် ရန်သူပြုသမျှနှ၍ ခိုကိုးရာမဲ့ လွှတ်လိုက်သည်မဟုတ်ဘဲ ရန်သူတို့ကို တွန်းလှန်နိုင်သော ခုခံအားစနစ်ကြီးတစ်ခုကို ထည့်လွှတ်ပေးလိုက်ခြင်းခံရသည်ကို ယနေ့လူတိုင်း သိနေအပ်ပါသည်။

အူဝဲဟူ၍ မွေးလာသည်နှင့် ပြင်ပလေထုအတွင်းမှ ပိုးမွှားတို့က တိုက်ခိုက်သတ်ဖြတ်ကြသည်။ ထိုပိုးမွှားများ ခန္ဓာအတွင်းဝင်လာသည်နှင့် ကလေး၏ ခုခံအားစစ်သည်တို့က တွန်းလှန်ကြသည်။ သို့သော် ခုခံအားစစ်သည်တို့မှာ နုနယ်သေးသည်ဖြစ်၍ သဘာဝက မိခင်နို့ဦးရည်အတွင်း ခုခံအားစစ်ကူများ ထည့်လွှတ်ပေးသည်။ ကလေး၏ ခုခံအားနှင့် အမိနို့ဦးရည်ပါ ခုခံအားတို့ ပူးတွဲတိုက်ခိုက် တွန်းလှန်မှုကြောင့် ကလေးမှာ ရောဂါဘယ ကင်းရှင်းရသည်။ ခြောက်လပြည့်သောအခါမှ ကလေးငယ်၏ ခုခံအားတို့သည် အမိ၏အကူမပါဘဲ ဆက်လက်တိုက်ခိုက်ရှင်သန်သွားနိုင်ရသည်။

ကျွန်တော်ငယ်စဉ်က မိုးကုတ်မြို့တွင် အအေးမိပြီး ပသိရောင်တိုင်းဆေးရုံသို့သွားပြခဲ့ရာ နီညိုချိုရဲပျစ်ချွဲသောဆေးကို အာခေါင်ပေါ် လူးလေရာ ပျို့အန်ခဲ့ရပါသည်။ ခုခံအားကျနေလို့ အားဆေးစားပါဟု မှာလိုက်သည်ကိုကြားခဲ့ရာ ယင်းအချိန်သည် ခုခံအားဆိုသည်ကို ကျွန်တော် ပထမဦးဆုံးအကြိမ် ကြားမိခဲ့ရခြင်းဖြစ်ပြီး မည်သည့်အရာဟူ၍ မသိခဲ့ပါ။ ကြီးပြင်းလာ၍ စာပေများဖတ်ကြည့်သောအခါတွင်လည်း ခုခံအားအကြောင်း ပီပီပြင်ပြင်ရေးထားသည်များမတွေ့ရဘဲ သွေးဖြူဥများဟုသာ မှတ်သားရပါသည်။

သိပ္ပံပညာရှင်တို့အဆိုအရ လူဆင့်ကဲဖြစ်စဉ် ကုန်လွန်ခဲ့သည့် နှစ်သန်း ၄၅၀ခန့်က ကျောရိုးသာရှိသေးသော သတ္တဝါကာလ၌ရှိသော ခုခံအားသည် ယခုရှိ ခုခံအားထက် အစွမ်းသတ္တိ ၅၀ရာခိုင်နှုန်းခန့် လျော့နည်းသည်ဆိုသည်။ ကျောရိုးတွင် မေးရိုးပါ ပေါက်လာသည့် သန်း ၄၅၀ခန့်ကာလတွင် မက်ကရမ်ခေါ် ပိုးတစ်မျိုး၏ ဂျမ်းပင်းဂျီးန်ခေါ် ခုန်ကူးတတ်သည့် ဗီဇတစ်ခု မေးရိုးရှိ သတ္တဝါဗီဇတွင် ကူးလာသည်ကို မွေးစားထားပြီးမှ ယနေ့ခေတ် ခုခံအားစနစ်ပီပီပြင်ပြင် ဖြစ်ပေါ်လာသည်ဆိုသည်။

လူ့ခန္ဓာအတွင်းရှိ ခုခံအားစနစ်ကို ဆေးသိပ္ပံဝေါဟာရအရ "အင်မြူန်းစစ္စတမ်" ရောဂါပြီးစနစ်ဟုခေါ်သည်။ ယင်းကို ယခုအခါ ကိုယ်ခံအားစနစ်၊ ခုခံအားစနစ်ဟုလည်းခေါ်သည်။ ကမ္ဘာအဝန်းမှ သာမန်လူတိုင်း ခုခံအားစနစ်ကို သွေးဖြူဥများဟုသာ သိရှိခဲ့ကြရာမှ ၁၉၈၂ ခုနှစ်နောက်ပိုင်း HIV/AIDS ရောဂါဟူ၍ ခုခံအားကျသည့် ကူးစက်ရောဂါပြန့်ပွားလာသောအခါတွင် ခုခံအားအကြောင်း ပိုမိုသိရှိလိုလာကြသည်။ ခုခံအားကို မည်သည့်ပိုးက မည်သို့တိုက်ခိုက်၍ အင်အားကျဆင်းပါသနည်း ဆိုသည်ကို သိလိုလာကြသည်။

၁၉၈၆ ခုနှစ် ဇွန်လထုတ် နေရှင်နယ်ဂျီအော်ဂရပ်ဖစ်မဂ္ဂဇင်းတွင် ပီတာဂျဲရက်ဆိုသူက "ကိုယ်တွင်းစစ်ပွဲ"ဟု ခေါင်းစီးဖြင့် လူ့ခန္ဓာအတွင်း ရောဂါပိုး ဝင်လာသည်နှင့် ခုခံအားတပ်မတော်ကြီးက မည်သို့မည်ပုံတိုက်ခိုက်တွန်းလှန်သည်ဆိုသည်ကို ခုခံအားစစ်သည်အချို့၏ လေးရောင်စုဓာတ်ပုံများ၊ ပုံကား ချပ်များဖြင့် ရေးပြမှ ပြည့်စုံစွာ သိခွင့်ရကြလေသည်။ ထိုဆောင်းပါးကို ကျွန်တော်သည် မဂ္ဂဇင်းအမှတ် (၇၁)မှ(၇၇)တိုင် ရေးသားပြခဲ့ရာ ထိုဆောင်းပါးကို မင်္ဂလာဒုံဆေးတက္ကသိုလ်မှ ကထိကတစ်ဦးက ရောဂါပြီးစနစ် သင်ကြားရာတွင် သင်ထောက်ကူအဖြစ် အသုံးပြုကြောင်း ပြောပြ၍ သိရှိရပါသည်။

စင်မြင့်ပေါ်မှ ခုခံအားအကြောင်း ပြောဟောရသောအခါ ဆောင်းပါးခုနှစ်ပုဒ်စလုံးကို ဖတ်ပြ၍မဖြစ်။ ထို့ကြောင့် ထိုဆောင်းပါးများ၏အနှစ်တွင် ကျွန်တော်ဖတ်ဖူးသော အခြားဆောင်းပါးများမှ အချက်အလက်များကို ထည့်သွင်း၍ ခုခံအားတပ်တော်ကြီးဖွဲ့စည်းပြီး ရန်သူပိုးများကို အဆင့်ဆင့် တာဝန်ယူ တိုက်ခိုက်နှိမ်နင်းပုံကို ဟောပြောခဲ့ပါသည်။ တပ်တော်ကြီးတွင် တပ်မဟာများဖွဲ့ထားရာ တပ်မဟာမှူးတစ်ယောက်အောက်တွင် တပ်မ ရှစ်မရှိသည်။ တပ်တော်ငယ်စုစုပေါင်းအင်အားမှာ သန်းပေါင်းတစ်သန်းရှိ၍ ကိုယ်၏ကလာပ်စည်း သန်းပေါင်း သန်းတစ်ရာကို သွေးကြောမိုင်ပေါင်း ၇၅၀၀၀တွင်းမှ စက္ကန့်မလပ် စောင့်ရှောက်ကာကွယ်နေသည်။

တပ်မဟာမှူးကို ဟဲလ်ပါးတီဆဲလ်ဟုခေါ်၍ တပ်မများကို ကွပ်ကဲအုပ်ချုပ်သည်။ အမှတ်(၁) တပ်မကို မက်ကရိုဖေ့ဂျ်ဟုခေါ်၍ ကင်းစောင့်တပ်မဖြစ်သည်။ ရောဂါပိုးများဝင်လာသည်နှင့် ပိုးများကိုဖြိုသတ်သည်။ နောက်တန်းစစ်သည်တို့ကို တပ်လှန့်ပေးသည်။ ရန်သူ့ပိုးမျိုးအမည်ကို နောက်တန်းသို့ ပို့ပေးသည်။ တပ်မ(၂)ကို လက်နက်ထုတ်လုပ်ရေးတပ် ဘီဆဲလ်ဟုခေါ်သည်။ ရလာသောရောဂါပိုးပေါ်ရှိ ပရိုတိန်းအဖုများအပေါ်တွင် ကွက်တိစွပ်နိုင်သော ပဋိပစ္စည်း အင်တီဘော်ဒီများ ကုဋေကုဋာထုတ်ပေးသည်။

ထိုပဋိပစ္စည်းတို့က ပိုးတိုင်းအပေါ်ရှိ ပရိုတိန်းအဖုများအပေါ်တွင် ကွက်တိစွပ်မိသည်နှင့် ထိုပိုးတို့သည် "ကိုယ့်ဟာကိုယ်" သတ်သေကြရသည်။ ပဋိပစ္စည်းများ ပိုးများကိုယ်ပေါ်စွပ်မိပြီးသောအခါမှ တပ်မ(၃) ကွန်ပလီးမန့်၊ ကွန်မန်ဒိုတပ်မှ တပ်သားကိုးဦးလျှင် ပိုးတစ်ကောင်ပေါ် တွယ်ကပ်ပြီး သတ်ရသည်။ တပ်မ(၄)မှာ အယ်တောမစ်အောက်ဆီဂျင်ဓာတ်ငွေ့ဓာတ်ဖြစ်၍ ပိုးများကို ဓာတ်ငွေ့နှင့် ပက်သတ်ရသည်။

အမှတ်(၅)တပ်မသည် ဒီဖင်းစစ်ပရိုတိန်းခေါ် အင်ဂျင်နီယာတပ်ဖြစ်၍ ပိုးများကို ဖောက်သတ်ရသည်။ သွေးကြောအတွင်းရှိ ပိုးများ ကုန်သွားသော်လည်း ခန္ဓာအစိတ်အပိုင်းအချို့တွင် ပုန်းအောင်းနေသောပိုးများ ကျန်သေးသည်။ အမှတ်(၆)တပ်မကင်းလားတီဆဲလ် လက်ဖြောင့်တပ်မမှ လက်ဖြောင့်တပ်သားများသည် ပုန်းနေသောပိုးများ တစ်ကောင်စီ ရှာသတ်သည်။ တပ်မ(၇) ဆပ်ပရက်ဆားတီဆဲလ်စစ်ရဲတပ်သည် အမှတ်(၁)တပ်မမှ တပ်သားအချို့သစ္စာဖောက်၍ လူဦးနှောက်၊ အဆစ်အမျက်နှင့် ပန်ကရိယကို တိုက်ခိုက်မှုမှ ကာကွယ်ရသည်။

အမှတ်(၈)တပ်မသည် ယခုဝင်လာသော ပိုးကိုမှတ်ထားပြီး ယင်းကိုနိုင်သော ပဋိပစ္စည်းများဖြင့် အသင့်စောင့်နေသည်။ ပိုးမျိုးတူများ ထပ်မံဝင်လာသည်နှင့် အဆင့်ဆင့် သုတ်သင်မနေတော့ဘဲ ချက်ချင်းပဋိပစ္စည်းများဖြင့် တိုက်ခိုက်နှိမ်နင်းရသည်။ မင်မိုရီတီဆဲလ် စုံထောက်တပ်မဟုခေါ်သည်။

ယင်းကဲ့သို့ အစွမ်းထက်စွာ ရောဂါအပေါင်းမှ ကာကွယ်ပေးနိုင်သော ကိုယ်ရံတော်စစ်သည် ခုခံအား တပ်တော်သားများမှာ သက်ရှိသတ္တဝါများဖြစ်၍ လူတို့ကဲ့သို့ပင် အာဟာရမှီဝဲကြရသည်။ ထို့ကြောင့် လူတို့စားသုံးသော အာဟာရအုပ်စု သုံးစုဖြစ်သည့် အင်အားကြီးထွား သက်စောင့်အုပ်စုတို့ မျှတစွာစားခြင်းသည် လူကိုကျန်းမာစေသည်သာမက ခုခံအားများကိုပင် အစွမ်းထက်စေကြောင်း ရှင်းပြကြရမည်ဖြစ်သည်။ နံနက်စာကို ရှင်ဘုရင်ကဲ့သို့ အသား၊ ငါး၊ ဥ၊ နို့၊ အသီးအရွက်၊ အသီးအနှံများ ဝဝစားရမည်။ ချွေတာပြီး ဖြစ်သလိုမစားရ။ နေ့လယ်စာကိုလျှော့၍ မင်းသားကဲ့သို့စားရမည်။ ညစာကိုမူ အထူးလျှော့၍ ဆင်းရဲသားကဲ့သို့ စားရမည်ဆိုသည်ကိုလည်း ပြောပြကြရမည်ဖြစ်သည်။

တိုင်းပြည်တိုင်းမှ စစ်သည်တို့ကို အာဟာရလုံလောက်စွာ ကျွေးပြီးပါက တိုက်ရည် ခိုက်ရည်မြင့်ရန် ခန္ဓာလှုပ်ရှား လေ့ကျင့်ပေးနေရသည်။ ထို့အတူ ကိုယ်ရံတော်စစ်သည်တို့ တက်ကြွနေစေရန် လူတို့က နေ့စဉ် အနည်းဆုံး နာရီဝက် ခပ်သွက်သွက် လမ်းလျှောက်လေ့ကျင့်ပေးရန်လိုကြောင်းလည်း ပြောပြကြရမည်။ မည်မျှစားသောက်လေ့ကျင့်ထားစေကာမူ စိတ်ဓာတ်ကျနေကြပါက တိုက်ရည် ခိုက်ရည်ကျမည်။ ထို့အတူ ကိုယ်ရံတော်စစ်သည်တို့ စိတ်ဓာတ်တက်ကြွနေစေရန် လူကိုယ်တိုင်က စိတ်ဓာတ် မြင့်မားနေရမည်။ အပြု-အကောင်းမြင်ဝါဒ ရှိရမည်။

လူဖြစ်သူက စိတ်ဓာတ်တက်ကြွနေစေရန် ကမ္မဋ္ဌာန်းရှု၊ ဘုရား၊ တရားအာရုံပြုပါက ဦးနှောက်အတွင်းမှကောင်းသော ဓာတ်ဆေး သုံးမျိုးထွက်လာပြီး ခုခံအားများကို အင်အားမြင့်မားစေတတ်သည်။ လူကိုယ်တိုင်က စိတ်ဓာတ်ကျနေက မကောင်းသော ဓာတ်ဆေးသုံးမျိုးတို့က ခုခံအားတို့ကို အားယုတ်စေမည်ဖြစ်သည်။

တစ်ကိုယ်ရေသန့်ရှင်းက၊ ဝန်းကျင်ညစ်ထေးက ရောဂါပိုးများ ခန္ဓာအတွင်း အလုံးအရင်းနှင့်ဝင်လျှင် ခုခံအားတို့ မနိုင်မနင်းဖြစ်ပြီး ရောဂါများရနိုင်သည်။ တစ်ကိုယ်ရေနှင့် ဝန်းကျင်သန့်ရှင်းမှုသည် ခုခံအားများကို ကူညီခြင်းဖြစ်၍ ရောဂါဘယမှ ကင်းဝေးရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွင်း ချင်းပြည်နယ် ကန်ပက်လက်မြို့၌ လူတိုင်း အနာရောဂါကင်း၍ သက်တမ်းစေ့နေထိုင်သွားနိုင်ရန်အလို့ငှာ ကျန်းမာရေး ဝန်ထမ်းတို့က ကျေးလက်တောရွာများသို့ဆင်းကာ ကျန်းမာရေးအသိပညာပေး ရောဂါကာကွယ်နည်းလမ်းများ သင်ကြားပေးကြရန် အသေးစိတ်မှာကြားကြောင်း သတင်းစာများ၌ ဖတ်လိုက်ရပါသည်။

တောရွာများသို့တိုင်ဆင်း၍ ကျန်းမာရေးပညာဗဟုသုတ ဖြန့်ကြက်ကြမည့် ဆေးဝန်ထမ်းများသည် အထက်ပါအတိုင်း ကျွန်တော်က သူနာပြုတက္ကသိုလ်မှ သမီးငယ်များကို မှာသကဲ့သို့ လူ့ခုခံအား အခြေခံကို ပထမဦးဆုံး အသိပေးနိုင်ကြပါက ဖြစ်လာမည့် ရောဂါအန္တရာယ်များကို မည်သူ့အကူအညီမျှမပါဘဲ မိမိဘာသာ ဖြေရှင်းထားနိုင်မည် ဖြစ်သည်။ ဤပထမအဆင့်ကို သေချာစွာနားလည်ပြီးမှ အခြားကျန်းမာရေး ပညာဗဟုသုတများ ဆက်လက် ဖြန့်ဝေပေးသင့်သည် ထင်ပါသည်။

ဤသို့ အခြေခံကာကွယ်ရေး ခုခံအားဗဟုသုတဖြန့်ရာတွင် ဆေးဝန်ထမ်းများသာမက ဆရာ၊ မိဘ၊ ဦးကြီး၊ ဘကြီး၊ ဒေါ်ကြီး၊ ဒေါ်လေးတို့ကလည်း မျိုးဆက်သစ်များထံ ဆက်ဖြန့်ဝေပေးကြပါက တစ်နိုင်ငံလုံး လူအများအနေဖြင့် ဒုက္ခဘုံကြီးအတွင်း ဒုက္ခအနည်းဆုံးနှင့် ကျန်းမာချမ်းသာ သက်တမ်းစေ့နေနိုင်သွားကြမည်ဖြစ်ပါသည်။ ကျန်းမာရေးဗဟုသုတပညာ ဖြန့်ကြရမည်မှာ တတ်သိသူတို့၏ အမျိုးသားရေးတာဝန်ဖြစ်၍ အမြန်ပြန့်ပွားစေရန်၊ အားထုတ်ကြိုးပမ်းကြရန် မေတ္တာရပ်ခံရပါသည်။

မမေ့မလျော့ အားထုတ်နိုင်ကြပါစေကုန်....။ ။

ဧပြီ ၂၈ရက်က မြန်မာ့ရုပ်မြင်သံကြား ချစ်စရာ့သင်္ကြန်အစီအစဉ်နှင့် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ယှဉ်ပြိုင်ပွဲများတွင် ပထမဆုဖလား ဆွတ်ခူးရရှိခဲ့သော လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၄)မှ မီးချောတို့အဖွဲ့ ရင်သွေးငယ်များအား ကျောင်းခန်းမ၌ ဂုဏ်ပြုပွဲပြုလုပ်အပြီး တွေ့ရစဉ်။ (၁၂၃)

သွန်းလောင်း

ရန်ကုန် အနောက် ပိုင်းခရိုင် အလုံ၊ ကြည့်မြင် တိုင်၊ စမ်းချောင်း မြို့နယ်လုံးဆိုင်ရာ (၁၇) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော် ကြီးကို ကဆုန် လပြည့်နေ့က အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရားရင်ပြင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ ညောင်ရေသွန်းလောင်းကြစဉ်။ (၁၀၃)

The Live News အမှတ်(၁၇၆)ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၉

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၇၆)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ ရာပြည့်ပွဲများ၊ ဗိုလ်ကလေးတင့်အောင်၏ ကျော်လွှားဖြတ်သန်းခဲ့ရသော ဆယ်စုနှစ်များ၊ ကိုကိုလှိုင်၏ ယူကရိန်းနှင့် ရုရှားတို့၏ မဟာဗျူဟာ အပေးအယူသစ်၊ မောင်မြတ်မွန်(ဆူးလေ)၏ မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်ပင်မဝင်းအတွင်းက သထုံဆောင်၊ တက္ကသိုလ်မောင်သုလိုင်၏ ပုဂံမင်းဆက်များရာဇဝင်(၂၇)၊ အောင်ကျော်ဆန်း၏ ကရုဏာပညာပန်း တင့်ဆန်းရာမြေ မြို့စစ်တွေ၊ နီငြိမ်း(အညာတက္ကသိုလ်)၏ စင်ကာပူသို့မဟုတ် အာရှဒေသမှ ကျားနိုင်ငံ အပိုင်း(၁)၊အာရှမိုး၏ ဝင်္ဂလည်တော့မည့် သမ္မတဆာကိုဇီနှင့် ပြင်သစ်ရွေးကောက်ပွဲ၊ထွန်းဝင်းထွန်း၏ရာသီဥတုပြင်းထန်၍ မြစ်ရေတွေခန်းခြောက်၊ အိန္ဒိယမှာ ရေပြဿနာကြောင့် ခိုက်ရန်ဖြစ်ပွားနေ၊ ကပ္ပတိန် ဘုန်းမြင့်၏ ကြုံခဲ့ရသည့် နိုင်ငံရပ်ခြားသင်္ဘောမှ ထမင်းချက်(၀၁)စားဖိုမှူးများ၊ သတင်းစာဆရာ ဒါရိုက်တာ စာရေးဆရာကြီး သာဂဒိုး ကွယ်လွန်ရှာပြီ၊ UK/ Australia တို့မှ စီးပွားရေးဘွဲ့ရလိုသူ မြန်မာကျောင်းသား ကျောင်းသူများအတွက် သင်တန်းဖွင့်လှစ်မည်၊ နေစကြဝဠာအတွင်း ပြင်းထန်သောအရှိန်နှင့် ပေါက်ကွဲမှုဖြစ်ပွားနေ၊ ဟစ်ဖ်ဘိုလာများကို ဒုံးပျံများပေးပို့ခဲ့သည့်စွပ်စွဲချက်ဖြင့် ဖိအားပေးခံနေရတဲ့ ဆီးရီးယား၊ တရုတ်နိုင်ငံတွင် မိုးခေါင်ရေရှားမှုဖြစ်ပွား လူနှင့်တိရစ္ဆာန်များ သောက်သုံးရေ အခက်အခဲ တွေ့ကြုံရလျက်ရှိ၊ ဖိလစ်ပိုင်ရွေးကောက်ပွဲနှင့် သမ္မတလောင်းများ၊ ဆွဲဆောင်မှုပိုကောင်း လာတဲ့ အိန္ဒိယနိုင်ငံရေးလောက၊ တရုတ်နက္ခတ္တဗေဒင်အလိုအရ ၂၀၁၀ ခုနှစ် မေလ အတွင်း၌ ဆောင်ရန်နှင့်ရှောင်ရန်အချက်များ၊ ကိုရီးယားအနုပညာပုံရိပ်လွှာ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြပါရှိသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ-၁၃ စောင်၊ ငွေကျပ် ၅၈၅၀၊ ခြောက်လ-၂၆ စောင်- ငွေကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေ တိုက်အမှတ်၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၅၊ ၂၁၅၀၈၁ နှင့် Market Care(Distribution Service) အမှတ် ၅၅ (ပထမထပ်) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နောင်ချိုမြို့မဈေး မီးဘေးကြိုတင်ကာကွယ်

နောင်ချို ဧပြီ ၂၉

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်သည့်အနေနှင့် နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၃၀ရက်က ဆောင်ရွက်ခဲ့ရာ အဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိ ဈေးဖများနှင့် ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် ကြီးကြပ်သည်။ **(မြို့နယ်စည်ပင်)**



ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်သည် မတ်၂ရက်က မြို့ရေပေးရေး အသုံးပြုနေသည့် ပန်းစစ်ကျေးရွာအုပ်စု ပန်းစစ်ရေထွက်သို့ သွားရောက်၍ ရေထွက်ဧရိယာ ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

ဧပြီ ၂၇ ရက် (ကဆုန်လပြည့်နေ့)က ပဲခူးမြို့ မဇင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပရာ ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သူရနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပဲခူးခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်မြင့်သိန်းနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်စခန်းများမှ ဝန်ထမ်းများစုပေါင်း၍ ရွှေဝါငါးကြင်းကောင်ရေသုံးသိန်းကို မျိုးစိုက်ထည့်ပေးကြစဉ်။ (မြန်မာ့အလင်း)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဧပြီ ၂၉

ဧပြီ ၂၉ ရက် နံနက် ၀၀ နာရီ ၃၃ မိနစ် ၂၈ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင်၂၆၀ခန့် ကွာဝေးသော စစ်တွေမြို့၏ အရှေ့တောင်ဘက် မိုင် ၆၀ ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ကို တိုင်းထွာ ရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

သရဖီ ကိုရီးယားကြမ်းခင်းများ Life Style & IT - 2010 တွင် ပါဝင်ပြသ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ၂၈ရက်မှ မေ ၁ရက်အထိ ခင်းကျင်းပြသသည့် Life Style & IT - 2010 ပြပွဲတွင် သရဖီ ကိုရီးယားကြမ်းခင်းများ ပါဝင်ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

မှာယူရရှိနိုင်

Laminate Floor ခင်းခြင်းဖြင့် ကုန်ကျစရိတ်သက်သာ၍ ရေရှည်အသုံးပြုနိုင်သည်။ Laminate Floor ခင်းခြင်းသည် အခြား Hard Wood Floor ခင်းခြင်းထက် ကုန်ကျစရိတ် သုံးပုံနှစ်ပုံ သက်သာပြီး သေချာစွာ ထိန်းသိမ်းပါက နှစ်ပေါင်းများစွာခံနိုင်ရည်ရှိသည်။ ထို့အပြင် UV ဒဏ်ခံနိုင်ခြင်း၊ ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ပေးပြီး နေရောင်ခြည်ကြောင့် Laminate Floor များ အရောင်လွင့်မသွားပေ။ တပ်ဆင်ရ လွယ်ကူပြီး Laminate Floor ခင်းရာတွင်ကော်နှင့်သံ မလိုအပ်ပေ။

ခံနိုင်ရည်

ခံနိုင်ရည်ရှိမှုအတွက် နှစ်ရှည်အာမခံ ရရှိနိုင်ခြင်း၊ ပြုပြင်ရလွယ်ကူခြင်း၊ အစားထိုး လွယ်ကူခြင်း၊ သန့်ရှင်းရေးပြုလုပ်ရာတွင် လွယ်ကူခြင်း၊ ကျုံ့ကြွမှုမရှိခြင်း၊ အသံလုံခြင်း၊ မိမိကြိုက်နှစ်သက်ရာ Design ကို ရွေးချယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်သည်။ (8.3) mm နှင့် (12.3) mm Laminate Floor များကို ၁၅နှစ် အာမခံဖြင့် တင်သွင်းဖြန့်ချိရောင်းချလျက်ရှိပြီး ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင် ဧယျာခေမာလမ်း အမှတ် ၃၄၉(ဘီ) ဖုန်း-၀၉-၅၁၁၅၅၃၀ နှင့် ၀၉-၅၁၃၄၆၁၄ တို့သို့ မှာယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်းကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့

နေပြည်တော် ဧပြီ ၂၉

ဧပြီ ၂၈ ရက် ညနေပိုင်းတွင် ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်း ကျရောက်မှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့ကြောင်း သိရှိရသည်။

ပဲခူးတိုင်း

ပဲခူးတိုင်း ရွှေကျင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ထမင်းဆိုင်နှစ်ဆိုင်ပြိုကျ ပျက်စီးခြင်း၊ ရုံးအဆောက်အအုံအချို့ အမိုးလန်ခြင်း၊ လူနေအိမ်အချို့ အမိုးလန်ခြင်း၊ ရွှေကျင်မြို့ ပြည်သူ့အားကစားကွင်း အုတ်တံတိုင်း ခြောက်ခန်း ပြိုကျပျက်စီးခြင်း၊ သစ်ကိုင်းများ လမ်းပေါ်သို့ ကျိုးကျခြင်း၊ ကျောက်တံခါးမြို့နယ် အားကစားခန်းမ အမိုးသွပ်များ လန်ကျပျက်စီးခြင်း၊ ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက်၌ ယာယီမဏ္ဍပ်တစ်ခုပြိုကျပြီး ရှစ်ဦးထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ(၁) ရပ်ကွက်ရှိ အဆောက်အအုံအချို့ ပြိုကျပျက်စီးခြင်း၊ အမိုးများလန်ခြင်း၊ စာသင်ကျောင်းအချို့ အမိုးလန်ခြင်း၊ လမ်းပေါ်သို့ တယ်လီဖုန်းတိုင်အချို့ လဲကျခြင်း၊ ကြော်ငြာဆိုင်းဘုတ်နှင့် လျှပ်စစ်ဓာတ်မီးတိုင်အချို့ လဲကျခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ညောင်လေးပင်မြို့နယ် ကောက်ကွေ့ကျေးရွာအနီး ရထားသံလမ်းဘေး သရက်ပင်အောက်၌ သရက်ပင်ကိုင်း ကျိုးကျပိမိသဖြင့် ၁၄နှစ်အရွယ် ကျောင်းသားတစ်ဦးသေဆုံးခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်

ထို့အပြင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ လဲပြိုကျိုးကျ၍ လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်း၊ ကျိုက်ထိုမြို့ ကံကော်ရပ်ကွက် စိန်ပန်းလမ်းရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ အုန်းပင်ကျိုးကျ ပိမိသဖြင့် လူငယ်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကြိုတင်စီမံဆောင်ရွက်

ယခုကာလများအတွင်း ရံဖန်ရံခါ မိုးသက်လေပြင်းများ တိုက်ခတ်လေ့ ရှိကြောင်း၊ မိုးသက်လေပြင်းဒဏ်ကြောင့် သစ်ပင်ကြီးများ လဲပြိုခြင်း၊ ကျိုးကျခြင်း၊ လျှပ်စစ်ဓာတ်မီးတိုင်များ လဲပြို၍ လျှပ်စစ်ကြိုး ပြတ်တောက်ပြုတ်ကျခြင်းများ ဖြစ်ပေါ်ပြီး လူနှင့် တိရစ္ဆာန်များသေဆုံး ထိခိုက်ဒဏ်ရာရရှိခြင်း၊ နေအိမ်အဆောက်အအုံနှင့်ယာဉ်များ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပွားနိုင်သည့်အတွက် ပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ် ဂရုပြုကြရန်၊ အန္တရာယ်ရှိစေနိုင်သည့် သစ်ပင်ကြီးများကို ကြိုတင်ရှင်းလင်းဖယ်ရှားထားကြရန်နှင့် မလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်စေရအောင် ကြိုတင်ဂရုပြု စီမံဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဧပြီ ၂၉

သုတအလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကသာခရိုင် ထီးချိုင့်မြို့နယ် ဖတ်တဲကျေးရွာ သုတအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၄ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စောကလျာ၊ ကျေးရွာဥက္ကဋ္ဌ ဦးညိုစိမ့်နှင့် မြို့မိမြို့ဖ ဦးအေးညွန့်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ကဝမြို့နယ်စည်ပင်သာယာ ပျိုးပင်များ ပျိုးထောင်

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်ထားရှိမှုကို မတ် ၂၄ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်ဦးတို့က ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

ဆေးတက္ကသိုလ်ကျောင်းသားများ ကျန်းမာရေးစောင့်ရှောက်မှုလေ့လာ

မန္တလေးဆေးတက္ကသိုလ် အမ်ဘီဘီအက်စ်နောက်ဆုံးနှစ်အပိုင်း(က)မှ ကိုသီဟဇော် ဦးဆောင်သော ကျောင်းသား ၁၅ဦးသည် မတ်၂၂ရက်က မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နွားထိုးကြီးမြို့နယ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ရက် ၂၀ကြာ ကွင်းဆင်းလေ့လာကြသည်။ (၀၉၂)

ရမည်းသင်း၌ ရှာတန်းတိုက်နယ်ဆေးရုံသစ်ဖွင့်

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ရှာတန်းတိုက်နယ်(၁၆)ခုတင်ဆံ့ ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၆ရက်က အဆိုပါ ဆေးရုံရှေ့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဦးကြီးမြင့်နှင့် ရှာတန်းတိုက်နယ်ဥက္ကဋ္ဌ ဦးကြီးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၁၆၉)**

လယ်ငေါက်-ချင်ပြစ် မြို့နယ်ချင်းဆက်လမ်း မြေသားတင်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ပံ့ပိုးမှုဖြင့် မုံရွာခရိုင် ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လယ်ငေါက်-ချင်ပြစ်လမ်း (ချင်ပြစ်အပိုင်း)အား ဂျင်းမြေသားတင်ခြင်းလုပ်ငန်းကို ဧပြီ ၆ ရက်က စတင်၍ ဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ဟုမ္မလင်းမြို့မရပ်ကွက်၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် မြို့မရပ်ကွက် လင်းသီတာလူငယ်မောင်မယ်များ၏ (၂၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် ညနေ ၄ နာရီက ဟုမ္မလင်းမြို့ မြို့မရပ်ကွက်ရှိ ဓမ္မာရာဇ်မာန်ပြည်တော်ပြန် ဓမ္မာရုံ၌ကျင်းပရာ အသက်(၇၀)နှင့်အထက် အဘိုး ၃၇ဦး၊ အဘွား ၅၇ ဦးတို့အား တက်ရောက်လာကြသူများက ကန်တော့ကြပြီး အဘိုးအဘွားတစ်ဦးစီလျှင် ငွေကျပ် ၁၀၀၀၀နှင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၉၆၀၀၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖလမ်းစည်ပင်သာယာ သန့်ရှင်းရေး ဆောင်ရွက်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် စည်ပင်ဈေးအတွင်းအပြင် သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် မြို့တွင်းလမ်းဘေး ဝဲယာတစ်လျှောက် ရေမြောင်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းများကို ဧပြီ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ကြီးကြပ်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအေးလေးနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြသည်။ (ခရိုင် ပြန်/ဆက်)

သာစည်မြို့နယ်စည်ပင်သာယာ စက်ရေတွင်း တူးဖော်

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ပြည်သူများ သောက်သုံးရေကောင်း ရေသန့်သုံးစွဲနိုင်ရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ရွှေတောင်ကျေးရွာ၌ နှစ်လက်မစက်ရေတွင်းတူးဖော်မှုကို ဧပြီ ၂၁ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်းတာဝန်ယူဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုး ကြပ်မတ်ဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)**

ကန်ကြီးထောင့်၌ အိုးဘိုစာကြည့်တိုက်အဆောက်အအုံဖွင့်

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျွန်းလျားရှည်ကျေးရွာအုပ်စု အိုးဘိုကျေးရွာ၌ ထွန်းပဒေသာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ရက် နံနက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအေးသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ်ကြီး၌ ကျန်းမာရေးအသိပညာပေးဟောပြော

ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာ စာတိုင်ညိုစာကြည့်တိုက်မှ ရန်ကင်းလူငယ် သွေးလှူရှင်များအသင်း၏ ဆဋ္ဌမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ၊ စာဖတ်ဝိုင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မတ် ၂၂ရက် နံနက် ၁၀နာရီက ရန်ကင်းတောင်ကျေးရွာ အမက(၁၈)ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက အမှာစကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ခြေစွမ်းပြပြီး မျက်ရည်ကျခဲ့ရတဲ့ ဘရာဇီးတို့ရဲ့ ကမ္ဘာ့ဖလားပွဲ

➤ ရေးသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ဘရာဆီးလီးယား ဧပြီ ၂၉

၁၉၃၈ခုနှစ် ပြင်သစ်နိုင်ငံမှာကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲပြီးတဲ့နောက်ပိုင်းမှာ ဒုတိယကမ္ဘာစစ် ဖြစ်ပွားခဲ့တာမို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ခြင်း မရှိခဲ့ပါဘူး။ ၁၉၅၀ပြည့်နှစ်ရောက်မှသာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပနိုင်ခဲ့တာဖြစ်ပြီး အိမ်ရှင်နိုင်ငံကတော့ ဘရာဇီးပဲဖြစ်ပါတယ်။

ပါဝင်

၁၉၅၀ပြည့်နှစ် ဘရာဇီးကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ခြေစစ်ပွဲအောင်ခဲ့တာ ၃၄သင်းဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ အသင်းကတော့ ၁၃သင်းပဲရှိခဲ့ပါတယ်။ ဒီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့အသင်းတွေကတော့ ပြင်သစ်၊ ဂျာမနီနဲ့ ဟန်ဂေရီအသင်းတွေ ဖြစ်ပါတယ်။ ဒီပွဲမှာ မထင်မှတ်ဘဲ ခြေစစ်ပွဲအောင်လာတဲ့ အသင်းကတော့ ဘိုလီးဗီးယားအသင်းဖြစ်ပြီး ထူးထူးခြားခြား ထက်မြက်တဲ့ ခြေစွမ်းမရှိဘဲနဲ့ ခြေစစ်ပွဲအောင်လာတာမို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေ တအံ့တသြ ဖြစ်ခဲ့ရပါတယ်။

ယှဉ်ပြိုင်ခဲ့

၁၉၅၀ပြည့်နှစ် ဘရာဇီးကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဘောလုံးပွဲစဉ်ပေါင်း ၂၂ ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြပြီး နောက်ဆုံးဗိုလ်လုပွဲကို အိမ်ရှင်ဘရာဇီးနဲ့ ဥရုဂွေးအသင်းတို့ တက်ရောက်လာခဲ့ကြပါတယ်။ အိမ်ရှင်ဘရာဇီးဟာ ဗိုလ်စွဲနိုင်ဖို့ အက်ဒီမီရာ၊ ဇီဇင်ဟိုနဲ့ ဖရီရာကာတို့ အစွမ်းကုန် ကြိုးစားခဲ့ပေမယ့် ဥရုဂွေးရဲ့ ခံစစ်ကြောင်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့လို့ ရှုံးပွဲကြုံပြီး ကမ္ဘာ့ဖလားကို လက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။ ဥရုဂွေးတို့ကတော့ ၁၉၅၀ပြည့်နှစ်မှာ ကမ္ဘာ့ဖလား ထပ်မံဆွတ်ခူးနိုင်ခဲ့တာမို့ ၁၉၃၀ပြည့်နှစ် ပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာလည်း ဖလားရရှိခဲ့တာကြောင့် ကမ္ဘာ့ဖလား နှစ်ကြိမ်ဆွတ်ခူးနိုင်တဲ့ တောင်အမေရိကအသင်း ဖြစ်လာခဲ့ပါတယ်။

ဂိုးသွင်းမှု

၁၉၅၀ပြည့်နှစ် ဘရာဇီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်း ၁၃သင်းက ပွဲပေါင်း ၂၂ပွဲ ကစားခဲ့တဲ့အခါမှာ သွင်းဂိုး စုစုပေါင်း ၈၈ဂိုးရှိခဲ့ပါတယ်။ ဒါကြောင့် ဘောလုံးပွဲတစ်ပွဲရဲ့ ပျမ်းမျှဂိုးသွင်းနှုန်းဟာ လေးဂိုးရှိခဲ့တာမို့ ဂိုးသွင်းအားကောင်းတဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲလည်း ဖြစ်ခဲ့ပါတယ်။ ဒီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဂိုးအများဆုံး သွင်းယူခဲ့တဲ့အသင်းကတော့ အိမ်ရှင်ဘရာဇီးဖြစ်ပြီး စုစုပေါင်း ၂၂ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ၁၉၃၀ပြည့်နှစ်က စတင်ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတစ်လျှောက်မှာ ဘရာဇီးတို့ ဂိုးအများဆုံး သွင်းယူနိုင်တဲ့အသင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ရွှေဖိနပ်ဆု

၁၉၅၀ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဘရာဇီးတိုက်စစ်မှူး အက်ဒီမီရာက စုစုပေါင်းကိုးဂိုးသွင်းယူနိုင်ခဲ့လို့ ရွှေဖိနပ်ဆုဆွတ်ခူးရရှိခဲ့ပါတယ်။ အက်ဒီမီရာဟာ ပွဲစဉ်တစ်လျှောက်ခြေစွမ်းပြနိုင်ခဲ့သလို ကစားဖော်တွေကိုလည်းဂိုးသွင်းနိုင်အောင် ကူညီပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်ပါတယ်။ အိမ်ရှင်ဘရာဇီးတို့ဟာ ကမ္ဘာ့ဖလား မဆွတ်ခူးနိုင်ခဲ့ပေမယ့် ဘောလုံးကစားပုံဟာ စွဲမက်စရာကောင်းတာမို့ ကမ္ဘာ့ဘောလုံး ပရိသတ်တွေရဲ့ နှုတ်ဖျားမှာ တသသဖြစ်ရတဲ့ အသင်း ဖြစ်ခဲ့ပါတယ်။ ဘရာဇီး ကစားသမားတွေဖြစ်တဲ့ အက်ဒီမီရာ၊ ဇီဇင်ဟိုနဲ့ ဖရီရာကာတို့လည်း ကမ္ဘာကျော်တွေ ဖြစ်ခဲ့ကြပါတယ်။

ထူးခြားမှု

၁၉၅၀ပြည့်နှစ် ဘရာဇီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဂျာမနီနဲ့ ဂျပန်တို့ဟာ ဒုတိယကမ္ဘာစစ်ပွဲမှာ ရှုံးနိမ့်ခဲ့ကြတာမို့ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိကြဘူး။ အိန္ဒိယဘောလုံးအသင်းကတော့ ဘောလုံးကစားတဲ့အခါ ဘောကန်ဖိနပ်ကို အသုံးမပြုဘဲ ကစားတာကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ခွင့်မပြုခဲ့လို့ ဘရာဇီး ကမ္ဘာ့ဖလားဘောလုံးပွဲကို ခြေစစ်ပွဲအောင်ပေမယ့် ပါဝင်ယှဉ်ပြိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါ့အပြင် ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ် နှစ်ပွဲမှာ တစ်နေရာနဲ့ တစ်နေရာ ကီလိုမီတာ ၃၀၀၀ကျော်ဝေးတဲ့ ဘရာဇီး မြို့နှစ်မြို့မှာ သွားရောက်ယှဉ်ပြိုင်ရမယ့်အတွက် နေရာပြင်ဆင် ပြောင်းလဲပေးဖို့ ငြင်းဆိုခဲ့လို့ ပြင်သစ်ဘောလုံးအသင်းက ဘရာဇီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အချိန်ကပ်မှ ရုပ်သိမ်းခဲ့ပါတယ်။ နောက်ပြီး ဘရာဇီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ဆင်နွှဲဖို့ လေ့ကျင့်ပြင်ဆင်ဖွဲ့စည်းထားတဲ့ အီတလီဘောလုံးအသင်းဟာ ၁၉၄၉ခုနှစ် မေလမှာ လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့တဲ့အထဲမှာ ဘောလုံးသမားရှစ်ဦး သေဆုံးခဲ့တာကြောင့် ဘောလုံးအသင်းကို ဖျက်သိမ်းပြီး အသစ်ပြန်လည်ပြင်ဆင်ဖွဲ့စည်း ယှဉ်ပြိုင်ခဲ့ရတာလည်း ထူးခြားတဲ့ ဖြစ်ရပ်တစ်ခုပါပဲ။

ဒါ့အပြင် ဘရာဇီးအသင်းနဲ့ အုပ်စုပတ်လည်ပွဲစဉ်ကစားရမယ့် ပွဲမတိုင်မီ အဝတ်လဲခန်းမှာ သံရက်မတစ်ခု မတော်တဆ ပြုတ်ကျခဲ့လို့ ယူဂိုဆလားဗီးယားအသင်းမှ ရစ်ကိုမီတစ် ဆိုးဆိုးရွားရွား ခေါင်းကွဲခဲ့တာကြောင့် ပွဲကစားဖို့အချိန် နောက်ကျကစားပေးဖို့ တောင်းဆိုခဲ့ပေမယ့် ဒိုင်လူကြီးက ငြင်းပယ်ခဲ့တာကြောင့် ဖီဖာစည်းမျဉ်းအရ လူစားထည့်လို့မရဘဲ ယူဂိုဆလားဗီးယားတို့ ၁၀ဦးတည်းနှင့် ယှဉ်ပြိုင်ခဲ့ရတာကလည်း ထူးခြားမှုတစ်ရပ် ဖြစ်ခဲ့ပြန်ပါတယ်။

ဗိုလ်စွဲခဲ့သည့် ဥရုဂွေး ဘောလုံးအသင်း

၁၉၅၀ပြည့်နှစ် ဘရာဇီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အနိုင်ရ ဗိုလ်စွဲခဲ့သည့် ဥရုဂွေး ဘောလုံးအသင်း။

မှတ်တမ်းတင်

၁၉၅၀ပြည့်နှစ် ဘရာဇီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ တစ်ပွဲတည်း ဂိုးအများဆုံး သွင်းသူကတော့ ဥရုဂွေးတိုက်စစ်မှူး ဂျွန်အက်ချီရာဖီနို ဖြစ်ပါတယ်။ ဂျွန်အက်ချီရာဖီနိုဟာ ဥရုဂွေးတို့ ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့တဲ့ ဥရုဂွေးနဲ့ ဘိုလီးဗီးယားတို့ပွဲမှာ တစ်ဦးတည်း လေးဂိုးသွင်းယူခဲ့တဲ့ တိုက်စစ်မှူးအဖြစ် မှတ်တမ်းတင်ခြင်း ခံရပါတယ်။

ဒါကြောင့် ၁၉၅၀ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဟာလည်း စိတ်ဝင်စားစရာတွေနဲ့ ပြည့်နေခဲ့ပြီး ကမ္ဘာ့ဘောလုံးပရိသတ်ရဲ့ နှစ်ခြိုက်အားပေးမှုကို အထူးရရှိခဲ့တဲ့ပွဲလည်း ဖြစ်ခဲ့ပါတယ်။ ။

(အင်တာနက်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၉

၁၅ရက်တစ်ကြိမ် ပြောင်းလဲထုတ်ဝေလိုက်သည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၁)ကို မေ ၁ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ယင်း TV Guide စာစောင်တွင် နိုင်ငံတကာက နာမည်ကြီးတွေ၏ အတင်း၊ သတင်းစုံနှင့် အသုံးအဖြုန်းကြီးသည့် အကြောင်းကို ရိုက်ကူးတင်ဆက်ထားသည့် Fabulous Life of Push Pop Star အစီအစဉ်အကြောင်းကြည့်ရှုရမည့် MTV ရုပ်သံလိုင်း၊ အမျိုးသားများအတွက် အဓိကရည်ရွယ်တင်ဆက်ထားသည့် Blue Mountain Stage ဟာသ အစီအစဉ်၊ MTV ပရိသတ်များ ကိုယ်တိုင်ပါဝင်နိုင်မည့် My MTV အစီအစဉ်၊ Star World တွင် ပြသမည့် My Wife and Kids ဇာတ်လမ်းတွဲ၏ Season 4 အကြောင်း၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်းတွင် ဟာသ၊ ဒရမ်မာ၊ သည်းထိတ်ရင်ဖို၊ အချစ် စသည့် ဇာတ်လမ်းအမျိုးအစား စုံလင်စွာ ကြည့်ရှုရမည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ESPN နှင့် Star Sports ရုပ်သံလိုင်း များတွင် တိုက်ရိုက်ကြည့်ရှုရမည့် လီဗာပူး-ချယ်လ်ဆီး၊ ဘလက်ဘန်း-အာဆင်နယ်၊ မန်ယူ-စတုတ်၊ အာဆင်နယ်-ဖူလ်ဟမ်၊ ချယ်လ်ဆီး-ဝီဂန်၊ ဆန်းဒါးလန်း-မန်ယူ၊ ချယ်လ်ဆီး-ပို့စ်မောက် စသည့် ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များနှင့် NBA ၏ Play Off ပွဲစဉ်အကြောင်း၊ NGC Wild ရုပ်သံလိုင်းတွင် ပြသမည့် ကျားများအား တရားမဝင် ကုန်ကူးခြင်းကို တင်ဆက်ပေးမည့် Inside: The Tiger Trade အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် King of The Jungle ဆုကိုရရှိရန် ယှဉ်ပြိုင်ကြမည့် အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင်ပြသမည့် Piers Morgan On:Dubai စီးရီးသစ်အကြောင်း၊ Discovery ရုပ်သံလိုင်းတွင်ကြည့်ရှုရမည့် အသက်ဘေးနှင့် ကြုံတွေ့ခဲ့ရသည့် လူသားများအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် I Shouldn't Be Alive အစီအစဉ်၊ Thera မီးတောင်ပေါက်ကွဲမှုအကြောင်းကြည့်ရှုရမည့် NGC ရုပ်သံလိုင်း၊ 5 Series မှ ထင်ပေါ်ကျော်ကြားသည့် ကိုယ့်ချစ်သူ စီးရီးအသစ်အကြောင်း၊ Mandalay FM တွင် နားဆင်ရမည့် Celebrity Choice အစီအစဉ်၊ FMF အစီအစဉ်တွင် ပြသမည့် Traditional Fashion & Pop Fashion အစီအစဉ်၊ ရုပ်သံလိုင်းအားလုံး၏ အစီအစဉ် အချိန်ဇယားများကို ဧပြီ ၂၈ရက်မှ မေ ၁၅ရက်အထိ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။ စာမျက်နှာများတိုး၍ ထုတ်ဝေထားသော်လည်း ဈေးနှုန်းတိုးမြှင့်ထားခြင်းမရှိကြောင်း သိရသည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိ အသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြား လမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

မော်ရင်ဟိုတို့ ၁၀ဦးတည်းဖြင့် လက်မထောင်သွားနိုင် မက်ဆီတို့ အိမ်ကွင်း၌ အကောင်းဆုံးအရှုံးသမားဖြစ်ခဲ့

အာကာဟိန်း - ရေးသားသည်

မက်ဒရစ် ဧပြီ ၂၉

ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် အင်တာမီလန်တို့ ဘာစီလိုနာကွင်း နူးကင့်၌ ဧပြီ ၂၈ရက်တွင် ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာတို့က အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-သုံးဂိုးဖြင့် အင်တာမီလန်တို့အနိုင်ရရှိပြီး ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

လူစုံထုတ်

လက်ရှိချန်ပီယံဘာစီလိုနာအသင်းသည် ပထမအကျော့အဝေးကွင်း၌ အင်တာမီလန်ကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးထားခဲ့သော်လည်း ဗိုလ်လုပွဲတက်နိုင်ရေး ဂိုးပြတ်သွင်းရန် တစ်သင်းလုံးဖိကစားခဲ့သည်။ နည်းပြဂွါဒီယိုလာက တိုက်စစ်တွင်မက်ဆီနှင့် အီဘရာဟင်မိုဗစ်တို့အပြင် ပီက်ဒရိုကို တိုက်စစ်အထောင်ထားရှိကာ ဆာဗီ၊ ကီတာ၊ အဲလ်ဗတ်စ်၊ မီလီတိုတို့ဖြင့် လူစုံပွဲထုတ်ခဲ့သည်။

ဘာစီလိုနာနှင့် အင်တာမီလန်တို့ပွဲတွင် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ (ဝဲ) ဤသို့ ထိုးဖောက်ကစားခဲ့ပါသော်လည်း....။

တိုက်စစ်ဆင်

အင်တာမီလန်ကလည်း အီတူး၊ ချီဗူး၊ ဆနိုက်ဒါတို့ တိုက်စစ်ဖြင့် ဘာစီလိုနာကို ရင်ဆိုင်ခဲ့သည်။ အင်တာမီလန်တို့ ဘာစီလိုနာတိုက်စစ်မှူးများ၏ တရစပ် ထိုးဖောက်တိုက်စစ်ဆင်မှုကို ဟန့်တားရင်း ပွဲချိန် ၂၈မိနစ်၌ အင်တာမီလန်နောက်ခံလူ မော့တာ နှစ်ဝါတစ်နီဖြင့် အထုတ်ခံရ၍ အင်တာမီလန်တို့ စောစီးစွာ ၁၀ဦးတည်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ဂိုးသွင်းခွင့်

ဘာစီလိုနာတို့ ဂိုးပြတ်သွင်းယူနိုင်ရေး မနားတမ်း ကြိုးစားခဲ့ရာ ထိုးဖောက်ဂိုးသွင်းမှု အကြိမ် ၂၀ကျော်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သည်။ အင်တာမီလန်ဂိုးသမား ဆီဆာက ဘာစီလိုနာ တိုက်စစ်မှူးများ၏ အပိုင်ကန်သွင်းမှု သုံးကြိမ်ကို ကာကွယ်နိုင်ခဲ့သည်။

အရာမထင်

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် အီဘရာဟင်မိုဗစ်တို့ ကန်သွင်းမှုများကလည်း ဂိုးရလဒ်ကို မပြောင်းလဲနိုင်ခဲ့ချေ။ ထို့အပြင် မက်ဆီ၏ ကန်ချက်များကလည်း ယခုပွဲ၌ အရာမထင်ဖြစ်ခဲ့သည်။ ဘာစီလိုနာသည် ဘောလုံးပိုင်ဆိုင်မှု များများဖြင့် အင်တာမီလန်ကို အပေါ်စီးမှကစားခဲ့ရာ အင်တာမီလန်တို့ ဘာစီလိုနာတိုက်စစ်မှူးများ ထိုးဖောက်ကစားမှုများကိုသာ ဟန့်တားနေခဲ့ရသည်။

ဦးတည်

အင်တာမီလန်နည်းပြ မော်ရင်ဟိုသည် ယခုပွဲ၌ ဘောလုံးသမားတစ်ဦး ထုတ်ပယ်ခံရပြီးနောက် တိုက်စစ်ထက် ခံစစ်ကိုအသုံးပြုကာ ဂိုးမပေးရရေးကို ဦးတည်ကစားစေခဲ့သည်။ ထို့ကြောင့် အင်တာမီလန်မှ ဂိုးသမား ဆီဆာ၊ ချီဗူ၊ မွန်တာရီနှင့် လူစီရိုတို့ အဝင်အထွက်ကြမ်းကြမ်း ကစားမှုကြောင့် အဝါကတ်များ ထိခဲ့သည်။

ဖိကစား

၈၂မိနစ်တွင် ဆာဗီချပေးလိုက်သည့် ဘောလုံးကို ပီကေး သွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ ဂိုးရရှိခဲ့သည်။ ထို့နောက် ဂိုးဆက်တိုက်သွင်းယူနိုင်ရေးအတွက် ဘာစီလိုနာ တို့ ဖိကစားခဲ့ရာ ၈၆မိနစ်၌ ဆာဗီ၏ ကန်သွင်းချက်ကို အင်တာမီလန် ဂိုးသမား ဆီဆာ ကာကွယ်နိုင်ခဲ့သလို ၈၈မိနစ်၌ မက်ဆီ၏ ကန်သွင်းချက်ကိုလည်း ကာကွယ်နိုင်ခဲ့သည်။

မကာကွယ်နိုင်

ပွဲချိန်ပြည့်သည်အထိ ဘာစီလိုနာတို့ ဂိုးထပ်မံမသွင်းနိုင်ဘဲဖြစ်ခဲ့ရာမှ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ်အရ လက်ရှိချန်ပီယံ ဘာစီလိုနာတို့ ချန်ပီယံလိဂ်ဖလားကို မကာကွယ်နိုင်ဘဲဖြစ်ခဲ့ရသည်။

အင်တာမီလန်တို့ နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-သုံးဂိုးဖြင့်အနိုင်ရပြီး ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဘိုင်ယန်မြူးနစ်နှင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ဗိုလ်လုပွဲ

ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကို စပိန်နိုင်ငံ ရီးရဲမက်ဒရစ်အသင်း၏ ဘာနေဗျူးကွင်းကြီး၌ မေ ၂၂ရက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

နေပြည်တော်နေ
ဗိုလ်မှူးကြီးအောင်ငြိမ်း(ငြိမ်း)၊ (ဦးဆောင်ညွှန်ကြားရေးမှူး၊ပြန်ကြားရေးဝန်ကြီးဌာန)-
ဒေါ်စန်းစန်းလွင်(မှူ/အုပ်-ငြိမ်း)တို့၏ဒုတိယသား၊
ဗိုလ်ကြီးဖြိုးဇော်ငြိမ်း(ငြိမ်း)၊ [အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန]-မမွေးမွေးတို့၏ညီမောင်၊
မောင်ဝေမျိုးကျော် (Dip. in Marinetime Engineering) ၏အစ်ကို

မောင်ရဲသွေးနောင်

A.G.T.I(M.P), Final Year (Maths)
MCP, MCTS, MCSA (Microsoft)

နှင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာ၊ ရပ်ကွက်(၁)နေ
ဦးဝင်းဖေ-ဒေါ်ခင်ညိုတို့၏သမီးထွေး၊
စိုင်းမျိုးသိန်းဦး-နန်းဥမ္မာအောင်၊ ကိုမောင်မောင်တာ-နန်းနွယ်နီဝင်းတို့၏ညီမ

နန်းဇင်မာဝင်း(ခ) နောင့်နောင့်

B.E(E.C) G.T.U (Mandalay), Supervisor (PPE)

တို့သည် ၂၉-၄-၂၀၁၀ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲသွေးနောင်-နန်းဇင်မာဝင်း။

ဟောပြော

မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအား မဟာမြတ်မုနိဘုရားကြီး သာသနာ့ဗိမာန်ကြီး၌ ယဉ်ကျေးလိမ္မာအထူးသင်တန်းကို ဧပြီ ၂၂ ရက်က ကျင်းပရာ ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်) ဟောပြောစဉ်။

(စာပေနှင့်စာနယ်ဇင်း)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်း တို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါ ဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းကြည်-ဒေါ်ခင်ရွှေတို့၏ သားထွေး

ဗိုလ်ကြီးဝင်းကိုကို

B.C.Sc (D.S.A), M.E (Tech) MEPhI

နှင့်

ရန်ကုန်မြို့နေ ဦးမောင်ရီ-ဒေါ်ခင်နွဲ့ (အောင်စကြာသက်န်းတိုက်)တို့၏သမီး

မရီရီမြင့်

B.A (English), A.G.T.I (Civil) (Architect 47 Group)

တို့၏ ၂၂-၄-၂၀၁၀ရက် (ကြာသပတေးနေ့)တွင် မင်္ဂလာနေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားသူကြီး ဦးသိန်းဆွေ၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးသော ကိုမြင့်ဇော်ဦး၊ မဖြူအိသိမ်းတို့အားလည်းကောင်း၊ ၂၄-၄-၂၀၁၀ရက် (စနေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့်ဇနီး ဒေါ်သန်းသန်းအေးတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲ မဆုမြတ်နိုးအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဇန်းကိုင် မညိမ်းအေးသူ၊ သတို့သားအရံ ဗိုလ်ကြီးဇာနည်စိုးလှိုင်နှင့် ဗိုလ်ကြီးသန့်ဇော်အောင်၊ သတို့သမီးအရံ မခိုင်ရတနာထိုက်နှင့် မချမ်းမြေ့သူတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးသော အကယ်ဒမီ ဒေါ်ချိုပြုံးနှင့် The Aces တေးဂီတအဖွဲ့၊ လက်ဝတ်ရတနာ ဆင်မြန်းပေးသော ဆုမြင့်မြတ်ရတနာ(ဗိုလ်ချုပ်ဈေး)၊ မင်္ဂလာဝတ်စုံ ဒေါ်လာမြင့်အောင်၊ မိတ်ကပ်၊ ဆံပင် ကိုမာနှင့်အဖွဲ့၊ ပန်းအလှအပြင် မသင်းသင်းလှိုင်(တိုးသစ်ခွ)၊ ဓာတ်ပုံနှင့်ဗီဒီယို မိုးကိုဦးနှင့် အဖွဲ့၊ မင်္ဂလာပွဲအစမှ ပြီးမြောက်သည်အထိ အစစအရာရာလိုက်ပါကူညီပေးသော မဖြူအိသိမ်း (y'np Myanmar Clothes) တို့အားလည်းကောင်း၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဝင်းကိုကို-မရီရီမြင့်။

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအတွက် ဘိလိယက်လက်ရွေးစင် အားကစားသမားရွေးချယ်မည်

ရန်ကုန် ဧပြီ ၂၉

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ နိုဝင်ဘာ ၁၂ရက်မှ ၂၇ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့တွင်ကျင်းပမည့် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအတွက် အားကစားသမားများအား မေ ၉ရက်တွင် ရွေးချယ်မည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်လိုသော ဘိလိယက်အားကစားသမားများသည် မေ ၈ရက် နံနက် ၁၀နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အောင်ဆန်းကွင်း ဖုန်း-၃၇၅၁၀၄သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်)

မော်ဘီမြို့နယ် သာယာကုန်းစံပြကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် သာယာကုန်းစံပြကျေးရွာ အလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒေါ်ဥမ္မာငြိမ်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်ခင်သီတာဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ မြို့နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်ခင်သီတာဦးက ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်များရှင်သန်ရေး၊ စာကြည့်တိုက်များစံ(၅)ချက်နှင့်ညီညွတ်ရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကိုဟောပြော၍ သုတ၊ ရသ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်မေကြီးစိန်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မြို့မကျောင်းသားဟောင်းအသင်း မှတ်တမ်းဓာတ်ပုံများတောင်းခံ

ရန်ကုန် ဧပြီ ၂၉

မြို့မကျောင်း သမိုင်းနှင့် မြို့မ ကျောင်းသား ကျောင်းသူဟောင်းအသင်း သမိုင်းတို့ကို မြို့မကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဝိုင်းဝန်းပြုစုကြရန်အတွက် မှတ်တမ်းမှတ်ရာ၊ အထောက်အထားများ၊ ဓာတ်ပုံမှတ်တမ်းများကို စုဆောင်းလျက်ရှိရာ အထောက်အထားများ၊ မှတ်တမ်းဓာတ်ပုံများရှိပါက မိတ္တူများကို မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း ရုံးအဖွဲ့မှူး အမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ် ဖုန်း-၂၅၀၁၅၃၊ ၇၃၀-၁၁၇၀၇ တို့သို့ ဇွန် ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၇၊ မြေကွက်အမှတ် ၂/ဃ၂ ၁-၁ ၊ ဧရိယာ ၀ဒသမ ၂၃၅ ဧကရှိသော မြေပိုင်မြေ B (အိမ်ရာ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇မိုင်ခွဲ၊ ကုန်းမြင့်ရိပ်သာ၊ အမှတ်၁၁/ကဟုခေါ်တွင်သော နေအိမ်အဆောက်အအုံ အပါအဝင် ဆက်နွယ်ပတ်သက်သည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာကြသော ဒေါ်ခင်ခင်ဖြူ ၁၂/ကမရ(နိုင်) ၀၄၁၆၀၈ နှင့် ဒေါ်ဝတ်ရည်ကျော်၁၂/ဒဂန(နိုင်)၀၀၀၉၁၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်၊
အမှတ်-၁၀/၁၂၊ ပထမထပ်(အေ-၅)၊
၃၅လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉-၂၅၇၃၆၊
၀၉-၅၀-၇၀၆၇၇။

ပျောက်ဆုံးခြင်း

ဦးပညာသာရ ၁၁/စတန(သ)၀၀၂၄၉၁၈၏ နိုင်ငံကူးလက်မှတ် အမှတ် ၉၇၆၈၇၃ / ၂၆-၃-၂၀၀၇ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၅၁-၅၀၀၁၇။**

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာပညာရှင်များ ဟောပြောပွဲ (မေ/၂၀၁၀)ကို မေ ၁ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower(ပထမထပ်)ခန်းမကြီး၌ ကျင်းပမည်ဖြစ်ပြီး ဟောပြောပွဲတွင် ဦးအေးကျော်(MHR)က "ပြောင်းလဲမှုကို စီမံခန့်ခွဲရန် မဟာဗျူဟာများ" "(Strategies for Managing Change)" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ ဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဧပြီ ၂၉

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ဖုန်း-၅၄၅၈၃၄**၌ ကြော်ငြာများနေ့စဉ်လက်ခံနေသည့်အပြင်အထူးအစီအစဉ်ဖြင့် **အမှတ်၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက် ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက် ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

30-4 (13).pmd 1 4/30/2010, 1:43 AM

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဘင်နီတက်ဇ်အားခေါ်ယူရေး ဂျူဗင်းတပ်စ်နှင့် မန်စီးတီးကြိုးပမ်း

မန်စီးတီးအသင်းသည် လာမည့်ဘောလုံးရာသီအတွက် လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်အား စာချုပ်ခေါ်ယူနိုင်ရေးအတွက် ဂျူဗင်းတပ်စ်အသင်းနှင့် အပြိုင် ကြိုးပမ်းနေကြောင်း၊ ဘင်နီတက်ဇ်အန်ဖီးလ်မှ ထွက်ခွာစေရေးအတွက် မက်မောလောက်သော ငွေကြေးဖြင့်ခေါ်ယူရန် ဆန္ဒရှိနေပြီး ရေရှည်စာချုပ် ချုပ်ဆိုကာ လက်ရှိနည်းပြ မန်စီနီ၏နေရာတွင် အစားထိုးမည်ဖြစ်ကြောင်းသိရသည်။

ဂိုးသမားပရေးအား ခေါ်ယူနိုင်ရေး အာဆင်နယ် ရေပန်းစား

အာဆင်နယ်အသင်းသည် စီးရီးအေဖီအိုရင်တီးနားအသင်းမှ ပြောင်းရွှေ့ကြေးဖြင့် ဂိုးသမား ဆီဘက်စတီယင်ဖရေးအား စာချုပ်ခေါ်ယူနိုင်ရေး ထိပ်ဆုံးမှ ရေပန်းစားနေသည်ဟုဆိုသည်။

ဘာစီလိုနာတွင် ကစားခွင့်ရရေး အာရှာပင် မျှော်လင့်နေဆဲ

ကာလကြာရှည်စွာ ဘာစီလိုနာအသင်း၏ ပရိသတ်ဖြစ်ခဲ့သူ အာဆင်နယ် အသင်းမှ ရှေ့တန်းတိုက်စစ်မှူး အင်ဒရီအာရှာဗင်က ၎င်းအနေဖြင့် တစ်နေ့နေ့တွင် ဘာစီလိုနာအသင်း၌ ကစားနိုင်မည်ဟု မျှော်လင့်နေဆဲပင်ဖြစ်ကြောင်း၊ ယင်း အသင်းတွင် တစ်ရာသီမျှသာ ကစားခွင့်ရခဲ့စေကာမူ ၎င်း၏ကစားသမား ဘဝ သက်တမ်းတစ်လျှောက် အထွတ်အထိပ်သို့ ရောက်ရှိသည်ဟု ခံစားရမည်မှာ အမှန်ဖြစ်ကြောင်း ဖွင့်ဟပြောကြားသည်။

ဒေးပစ်ဗီလာအတွက် ငွေကြေးပုံအောသုံးစွဲရန် ချယ်လ်ဆီးစီစဉ်

မန်ယူ၊ ရီးရဲနှင့် ဘာစီလိုနာတို့ကခေါ်ယူရန် ပစ်မှတ်ထားနေကြသော ဗလင် စီယာ တိုက်စစ်မှူး ဒေးဗစ်ဗီလာအား ချယ်လ်ဆီးက ယခုနွေရာသီတွင် ငွေကြေးပုံအော သုံးစွဲ ဝယ်ယူရန်စီစဉ်နေသည်။

ပြောင်းရွှေ့ကြေးတိုးမြှင့်ကာ ကိုးလ်အား ဗီလာကမ်းလှမ်းဖွယ်

အက်စ်တွန်ဗီလာအသင်းသည် ဝက်စ်ဟမ်းအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ကာလ်တန်ကိုးလ်အား ပြောင်းရွှေ့ကြေးပေါင် ၁၀သန်းအထိ တိုးမြှင့်ပေး၍ ကမ်းလှမ်းဖွယ်ရှိသည်။

မီလ်နာအစား အက်ရှ်လေယန်းအား ဟဂူဆန်ကမ်းလှမ်းမည်

မန်ယူနည်းပြဖာဂူဆန်သည် အက်စ်တွန်ဗီလာအသင်းမှ ဂျိမ်းစ်မီလ်နာအား ကမ်းလှမ်းမည့်အစား ၎င်း၏ကစားဖော် အင်္ဂလန်လက်ရွေးစင်အသင်း တောင်ပံ ကစားသမားအက်ရှ်လေယန်းအား အစားထိုးကမ်းလှမ်းရန် ဆုံးဖြတ်လိုက်သည်။

အီးဂဲလ်နှင့် ကာလစ်စလီအား ခေါ်ယူရန် ကွိုင်လီစီစဉ်

ဘော်လ်တန်နည်းပြ အိုဝင်ကွိုင်လီသည် အသင်း၏လက်ရှိကစားသမားအနက်မှ ၁၀ဦးကိုလျှော့ချပြီး ၎င်း၏အသင်းဟောင်းဘန်လေမှ ကွင်းလယ်ကစားသမား ခရစ်အီးဂဲလ်နှင့် ခံစစ်မှူးကလာလီကာလစ်စလီတို့အား ခေါ်ယူရန်စီစဉ်နေသည်။

ပီတာဆန်အား စာချုပ်ရန် လီဗာပူးစီစဉ်

လီဗာပူးအသင်းသည် ခြေစွမ်းပြနိုင်ကာ ခြေရည်စစ်ဆေးမှုအောင်မြင်သော ဆွီဒင်အသင်း ဆာဗီဒါလင်အိုင်အက်ဖ်မှ အသက် ၁၅နှစ်အရွယ်ရှိ ဆယ်ကျော်သက် တိုက်စစ်မှူး ခရစ္စတိုဖာပီတာဆန်အား စာချုပ်ခေါ်ယူရန် စီစဉ်နေသည်။

ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲကို ကားပရော့ မစွန့်ခွာ

အသက် ၃၂နှစ်ရှိ ဗြိတိသျှလက်ဝှေ့ကျော် ကားဖရော့က ၎င်းအနေဖြင့် ဥပါစစ်ကစ်လက်ဝှေ့ပြိုင်ပွဲကို စွန့်ခွာမည်မဟုတ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အလီနှင့် ရော်ဘင်ဆင်တို့ထက် သာလွန်ဟု မေဝဲသားပြောကြား

ဆုကြေးစားလက်ဝှေ့ပြိုင်ပွဲ၌ ပွဲ ၄၀စလုံးအနိုင်ရရှိထားပြီး လာမည့် မေရက်၌ အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့၌ ရှာနီမော့စ်လေနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဖလွိုက်မေဝဲသားက ၎င်းသည် မိုဟာမက်အလီနှင့် ရှူးဂါရေးရော်ဘင်ဆင်တို့ထက် သာလွန်ကောင်းမွန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ဝှေ့ကြိုးဝိုင်းကို ဂျွန်ရူးအစ်ဇ် ကျောခိုင်းလိုက်ပြီ

ယခုလစောစောပိုင်းက ဒေးဗစ်ဟာရေအား ရှုံးနိမ့်ခဲ့သူ အသက် ၃၈နှစ်ရှိ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း ဂျွန်ရူးအစ်ဇ်က ၎င်းအနေဖြင့် လက်ဝှေ့ လောကမှ အနားယူမည်ဟု ဖွင့်ဟကြေညာလိုက်ပြီဖြစ်သည်။ ရူးအစ်ဇ်သည် ဆုကြေးစား လက်ဝှေ့ သက်တမ်း ၁၈နှစ်အတွင်း ၄၄ပွဲစံချိန်တင်နိုင်ပွဲရရှိခဲ့ပြီး ကိုးပွဲရှုံးကာ တစ်ပွဲသရေကျခဲ့သည်။ ။

နံပါတ်၁၀ ဂျာစီအင်္ကျီဝတ် ကမ္ဘာကျော် ဘောလုံးသမားများ

ရေးသူ-မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဧပြီ ၂၉

ကမ္ဘာ့ဘောလုံးသမိုင်းတစ်လျှောက်တွင် ထူးချွန်ပြီးအောင်မြင်ကျော်ကြားသည့် ဘောလုံးသမားများ ထွက်ပေါ်ခဲ့သည်။ ပါရမီရှင်ထူးချွန်ထက်မြက်သော ဘောလုံးသမားများအနက် ကျောနံပါတ် ၁၀ ဂျာစီအင်္ကျီဝတ်ဆင်ကစားသည့် ဘောလုံးသမားများက အများနှင့်မတူ ထူးထူးခြားခြားထင်ပေါ်ကျော်ကြားသူများဖြစ်ခဲ့သည်။ ထို့ကြောင့် ကျောနံပါတ် ၁၀ ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားသည့် ဘောလုံးသမားအချို့ကို ဖော်ပြရပါလျှင်-

ပီလီ

ရာစုနှစ်အတွင်း အထူးချွန်ဆုံး ဘောလုံးသမားဖြစ်သည်။ အသက် ၁၅နှစ်အရွယ်၌ ဆန်တို့စ်အသင်းတွင် ကစားစဉ်ကပင် ကျောနံပါတ် ၁၀ ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားခဲ့သူ ဖြစ်သည်။ အသက်၁၇နှစ်အရွယ်တွင် ၁၉၅၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဘရာဇီး တိုက်စစ်မှူးအဖြစ် ပါဝင်ကစား ခဲ့သည်။ ဘောလုံး ပွဲစုစုပေါင်း ၁၃၆၃ပွဲကစားခဲ့ပြီး ဂိုးပေါင်း ၁၂၈၁ဂိုး သွင်းယူနိုင်ခဲ့သူ ဖြစ်သည်။ ဘရာဇီးအသင်းအတွက် ဂိုး ၁၀၀ သွင်းယူပေးနိုင်ခဲ့ပြီး ၁၉၇၀ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဘရာဇီးအသင်းအား ကမ္ဘာ့ဖလား ရယူပေးနိုင်ခဲ့သည်။ ပီလီ၏ ဘောလုံးကစားသမားဘဝတစ်လျှောက်၌ ဟက်ထရစ်ဂိုး ၉၂ကြိမ် သွင်းယူနိုင်ခဲ့ သည်။

ဇီဒန်း

ပြင်သစ်ကွင်းလယ်တိုက်စစ်မှူးဖြစ်သည်။ တည်ငြိမ်သည့်ဟန်ဖြင့် ကစားတတ်ပြီး အဆုံးသတ်ဂိုးသွင်းမှု သေချာသူတစ်ဦး ဖြစ်သည်။ ကျောနံပါတ် ၁၀ ဂျာစီအင်္ကျီကို ဘောလုံးသမားဘဝ တစ်လျှောက်လုံး ဝတ်ဆင်ကစားခဲ့သူဖြစ်သည်။ ပြင်သစ် ပရိသတ်များက ဇီဒန်းအားဇီဇူးဟု ချစ်စနိုး ခေါ်ကြသည်။ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ဇီဒန်း၏ခေါင်းတိုက်ဂိုး နှစ်ဂိုးဖြင့် ဘရာဇီးအသင်းကို အနိုင်ယူကာ ပြင်သစ်အသင်းကို ကမ္ဘာ့ဖလားရယူပေးနိုင် ခဲ့သူဖြစ်သည်။ ၁၉၉၆ ခုနှစ်၌ ဘော်ဒိုး အသင်းမှ ဂျူဗင်းတပ်စ်သို့ ပြောင်းရွှေ့ကစား ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ယူရိုပြိုင်ပွဲ၌ ပြင်သစ်အသင်း ဖိုလ်စွဲအောင် စွမ်းဆောင် ပေးနိုင်ခဲ့သည်။ ဇီဒန်းသည် ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ရရှိခဲ့သူဖြစ်ပြီး ၂၀၀၁ ခုနှစ်၌ ရီးရဲမက်ဒရစ်



အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ၂၀၀၆ ခုနှစ်၌ ဘောလုံးကစားခြင်းမှ အနား ယူခဲ့သည်။

ဂျိုဟန်ခရိုက်ဖ်

ဒတ်ချ်ဘောလုံးအသင်း ကွင်းလယ် ကစားသမားဖြစ်သည်။ နံပါတ် ၁၀ ဂျာစီအင်္ကျီကို ဘောလုံးသမားဘဝ တစ်လျှောက် ဝတ်ဆင်ကစားခဲ့သူလည်း ဖြစ်သည်။ ဒတ်ချ်အသင်းအတွက် နိုင်ငံ တကာပွဲပေါင်း ၄၈ ပွဲ ကစားခဲ့ပြီး ၃၃ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ အေဂျက် အသင်းတွင် ကိုးနှစ်ကစားခဲ့ပြီး လိဂ်ဖလား ရှစ်ကြိမ် ဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေး နိုင်ခဲ့သည်။ ၁၉၇၃ ခုနှစ်၌ ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားရာတွင်လည်း ကျောနံပါတ် ၁၀ ဂျာစီအင်္ကျီကိုပင် ဆက်လက်ဝတ်ဆင် ကစားခဲ့သည်။ ဂျိုဟန်ခရိုက်ဖ်သည် ဒတ်ချ် ဘောလုံးအသင်း၊ အေဂျက်အသင်းနှင့် ဘာစီလိုနာအသင်းတို့တွင် ခြေစွမ်းပြနိုင် ခဲ့သဖြင့် ဥရောပအကောင်းဆုံး ဘောလုံး သမားဆုကို ရရှိခဲ့သူဖြစ်သည်။

မာရာဒိုနာ

အာဂျင်တီးနားတိုက်စစ်မှူးဖြစ်သည်။ ဘာစီလိုနာသို့ ပေါင် ငါးသန်းဖြင့် ပြောင်းရွှေ့ကစားခဲ့ရာ ထိုအချိန်က ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးပင်ဖြစ် သည်။ ဘာစီလိုနာမှ နာပိုလီအသင်းသို့ ပေါင်ခြောက်သန်းဖြင့် ပြောင်းရွှေ့ ကစားခဲ့ပြန်သည်။ ၁၉၈၆ခုနှစ် ကမ္ဘာ့ ဖလား ဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်နှင့် အာဂျင်တီးနားတို့ ကွာတားဖိုင်နယ် ပွဲစဉ် ၌ လက်ဖြင့်ပုတ်ကာ ဂိုးသွင်းခဲ့သဖြင့် နာမည်ကြီးခဲ့ပြန်သည်။တစ်ဖန် ယင်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အင်္ဂလန် အသင်းဘက်သို့ မီတာ၆၀အကွာမှ မာရာဒိုနာ ကန်သွင်းယူခဲ့သော ဂိုးမှာ ရာစုနှစ်အတွင်း အကောင်းဆုံးဂိုး တစ်ဂိုး အဖြစ် ဖီဖာသတ်မှတ်ခဲ့သည်။ အာဂျင် တီးနားနှင့်အနောက်ဂျာမနီတို့ ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲ၌ အာဂျင်တီးနားတို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သော ပွဲ၌ အနိုင်ဂိုးကို မာရာဒိုနာ သွင်းယူ ခဲ့ခြင်းဖြစ်သည်။ကျောနံပါတ်၁၀ ဂျာစီ အင်္ကျီကို စွဲစွဲမြဲမြဲ ဝတ်ဆင်ကစားခဲ့သည့် ဘောလုံးသမားတစ်ဦးဖြစ်သည်။ ။

ကိုးကား-အင်တာနက်

ချာလ်တန်မှ ရှီလ်ဖေးအား လီဗာပူးခေါ်ယူမည်

လန်ဒန် ဧပြီ ၂၉

လီဗာပူးအသင်းသည် ချာလ်တန်မှ လူငယ်ကွင်းလယ်ကစားသမား ဂျွန်ဂျို ရှီလ်ဖေးအား စာချုပ်တော့မည် ဖြစ်သည်။

ခေါ်ယူဖွယ်

အသက် ၁၈နှစ်ရှိ ရှီလ်ဖေးသည် ယခုအခါ ဆေးစစ်ဆေးမှုများ ခံယူလျက်ရှိရာ ပြောင်းရွှေ့ကြေး ၁ဒသမ ၇သန်းဖြင့် ခေါ်ယူဖွယ်ရှိသည်။

ကစားပေး

အင်္ဂလန် လူငယ်ကစားသမား ရှီလ်ဖေးသည် ချာလ်တန်အသင်းတွင် အသက် ၁၆နှစ်မှ စတင်ပြီးကစားခဲ့ရာ ပွဲပေါင်း ၄၈ပွဲ ကစားပေးခဲ့ပြီး ဖြစ်သည်။

(အင်တာနက်)

ကွင်းလယ်ကစားသမား ဘက်ခမ်း နိုဝင်ဘာလတွင် ပြန်ကစားနိုင်ဖွယ်ရှိ

လန်ဒန် ဧပြီ ၂၉

ဒေးဗစ်ဘက်ခမ်းသည် ဖနောင့်ကြော ထိခိုက်ဒဏ်ရာရခဲ့၍ ကမ္ဘာ့ဖလားအိပ်မက် ပျက်ပြယ်ခဲ့ပြီးနောက် နိုဝင်ဘာလတွင် ပြန်လည်ကစားနိုင်ရန် မျှော်လင့်ထားကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

မျှော်လင့်ထား

မတ်လအတွင်းက ရရှိခဲ့သော ယင်း ဒဏ်ရာကြောင့် ဒေးဗစ်ဘက်ခမ်းသည် ခြောက်လကြာအနားယူရမည်ဟု ကြေညာ ထားခဲ့သည်။ သို့သော်လည်း ဒဏ်ရာ

သက်သာလာပြီဖြစ်၍ နိုဝင်ဘာလတွင် ပြန်လည်ကစားရန် မျှော်လင့်ထားသည်။

သွားရောက်

ဘက်ခမ်းသည် ဒဏ်ရာရထားသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန် အသင်းအတွက် အားပေးသူတစ်ဦးအနေဖြင့် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)



အက်ဖ်အေဖလား ဗိုလ်လုပွဲ ရစ်ချက်ဟုတ် ပါဝင်ကစားမည်

လန်ဒန် ဧပြီ ၂၉

အက်ဖ်အေဖလား ဗိုလ်လုပွဲကို ပို့စ်မောက်နှင့် ချယ်လ်ဆီးတို့ လာမည့် မေ ၁၅ရက်တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ကြေညာ

ယင်းပြိုင်ပွဲတွင် ပို့စ်မောက်မှအဓိက အားထားရသော ကွင်းလယ်ကစားသမား ရစ်ချက်ဟုတ်သည် ဒဏ်ရာရထားရာမှ ပြန်လည်ကစားမည်ဖြစ်ကြောင်း ၎င်းကလပ်က ကြေညာသည်။

အသက် ၃၀ရှိ ကွင်းလယ်ကစားသမား ရစ်ချက်ဟုတ်သည် ပြီးခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်တွင် ဘော်လ်တန်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျအောင် ကစားခဲ့ရာတွင် မိနစ် ၉၀ကြာ ပါဝင်ကစားပေးခဲ့သည်။ **(အင်တာနက်)**

ဆန်းဒါးလန်း ဂိုးသမား ဖူးလော့ပ်အား မန်စီးတီး အရေးပေါ်ခေါ်ယူလိုက်ရ

လန်ဒန် ဧပြီ ၂၉

မန်စီးတီးက ဆန်းဒါးလန်းဂိုးသမား မာတွန်ဖူးလော့ပ်အား ရာသီအကုန် လက်ကျန် သုံးပွဲကစားပေးရန် အရေးပေါ်အငှားခေါ်ယူလိုက်သည်။

မျှော်လင့်ထား

မန်စီးတီးက ဘာမင်ဂမ်သို့ အငှားချထားသော ဂျိုးဟတ်အား ဒဏ်ရာရ ရှေးဂစ်ဗင်ကို ကူညီပေးနိုင်ရေး ပြန်ခေါ်ရန် မျှော်လင့်ထားသည်။

အသက် ၂၆နှစ်ရှိ ဆန်းဒါးလန်းဂိုးသမား ဖူးလော့ပ်သည် ဆန်းဒါးလန်း၏ တတိယ ဂိုးသမားဖြစ်သည်။ ၎င်းသည် မန်စီးတီးနှင့်စတင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

၂၀၁၀ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်

ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

နေပြည်တော် ဧပြီ ၂၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ၂၀၁၀ခုနှစ် ဇွန် ၅ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကို "Many Species . One Planet. One Future" "ဇီဝမျိုးစုံလင် ကမ္ဘာတစ်ခွင်၊ ထာဝစဉ်တည်တံ့ရေး ထိန်းသိမ်းပေး" ဟူသောခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ဖြည့်ဆည်းပေး

ကမ္ဘာ့လူဦးရေတိုးပွားမှု များပြားလာနေသည့်အချိန်တွင် တိရစ္ဆာန်နှင့် အပင်များမှာ ပိုမိုလျော့နည်းလာနေပြီး မျိုးစိတ်ပေါင်း တစ်သောင်းခုနှစ်ထောင်ကျော်သည် မျိုးသုဉ်းပျောက်ကွယ်တော့မည့် အန္တရာယ်ရှိနေသည်။ အချို့မျိုးစိတ်များမှာ ရှာဖွေတွေ့ရှိမှတ်တမ်းတင်ခြင်း မပြုရသေးမီမှာပင် ပျောက်ကွယ်သွားကြသည်။ အကြောင်းရင်းမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားတို့၏ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လုပ်ဆောင်မှုများကြောင့်ပင် ဖြစ်သည်။ သဘာဝသစ်တောအများအပြား ယုတ်လျော့သွားပြီး ကမ္ဘာ့ရေတိမ်ဒေသများ၏ ထက်ဝက်ခန့် ပျက်စီးသွားကာ ငါးသယံဇာတ လေးပုံသုံးပုံခန့် လျော့နည်းသွားပြီ ဖြစ်သည်။ ကမ္ဘာကြီးပူနွေးစေမည့် ဓာတ်ငွေ့များကိုလည်း ကမ္ဘာ့လေထုအတွင်းသို့ အလွန်အကျွံ ထုတ်လွှတ်နေကြရာ နောက်ဆုံးတွင် ကျွန်ုပ်တို့ လူသားများအပါအဝင် သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် လိုအပ်သည့် အခြေခံများ ပျောက်ဆုံးသွားတော့မည့် အန္တရာယ်ကြီးထွား များပြားလာသည်။ ဇီဝမျိုးစုံမျိုးကွဲများဟု သိရှိထားကြသည့် သက်ရှိများသည် ကျွန်ုပ်တို့အား အစားအစာ၊ အဝတ်အထည်၊ လောင်စာနှင့် ဆေးဝါး စသည်များကို ဖြည့်ဆည်းပေးကြသည်။

တွန်းအားပေး

ယခုနှစ် ၂၀၁၀ခုနှစ်ကို ကမ္ဘာ့ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနှစ်အဖြစ်လည်း သတ်မှတ်ထားသည်။ ၎င်းမှာ ဇီဝမျိုးစုံမျိုးကွဲများသည် လူသားတို့ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါကြောင်းကို ဖော်ထုတ်ပြသရန်အတွက် အခွင့်အလမ်းတစ်ခုဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများ လျော့ပါးပျောက်ကွယ်လာမှု လျော့ကျသွားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို တွန်းအားပေးလိုက်ခြင်းပင်ဖြစ်သည်။ ယခုနှစ် ဆောင်ပုဒ်သည် ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ကြရန် အရေးတကြီးလိုအပ်နေမှု၏ ပုံတင်သံလည်း ဖြစ်သည်။ ကမ္ဘာပေါ်တွင် လူသားသန်းပေါင်းများစွာနှင့် ဇီဝမျိုးစုံမျိုးကွဲ သန်းပေါင်းများစွာတို့ အတူတကွ ညီညွတ်မျှတစွာ နေထိုင်ကြခြင်းကသာ ပိုမိုပြည့်စုံ လုံခြုံသော အနာဂတ်ကမ္ဘာကို ရရှိနိုင်မည်ဖြစ်သည်။

ဖိတ်ခေါ်

အထက်ဖော်ပြပါအချက်များကို အကိုးအကားပြု၍ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် ဆောင်ရွက်သင့်သော လုပ်ငန်းအချက်အလက်များအပါအဝင် မိမိတို့ ရေးသားတင်ပြလိုသည့် အခြားအချက်အလက်များ၊ သာဓကများပါဝင်သည့် ဆောင်းပါးနှင့် စာစီစာကုံးများကို ရေးသားပေးပို့ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားသည်။

နောက်ဆုံးထားပေးပို့

ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာ အနည်းဆုံး ၁၀မျက်နှာခန့်တွင်လည်းကောင်း၊ စာစီစာကုံးများကို အနည်းဆုံး ခုနစ်မျက်နှာခန့်တွင်လည်းကောင်း ကွန်ပျူတာဖြင့် (Win-Innwa Font size 18 သို့မဟုတ် Myanmar Unicode Myanmar 2 Font size 18၊ Line spacing 1.5 lines)စာစီ၍ ရေးသားပေးပို့ရန်ဖြစ်ပါသည်။ ဆုရရှိသူများကို နေပြည်တော်တွင် ကျင်းပမည့် ၂၀၁၀ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနား၌ ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ဆောင်းပါးနှင့် စာစီစာကုံးများကို ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားကတ်ပြားအမှတ်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာ ဝန်ကြီးဌာန ရုံးအမှတ်-၂၈ နေပြည်တော် ဖုန်း-၀၆၇-၄၀၅၃၈၃၊ ၄၀၅၃၉၀ တို့သို့ ၂၀၁၀ခုနှစ် မေ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ သတင်းရရှိသည်။

(သတင်းစဉ်)

မြို့နယ်သတင်း ထွေတလာ

(၂၅၆)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ တန်ဖိုးအလိုက် ဆုမဲပေါင်း၁၂၉၂၆ ဆု ဖွင့်လှစ်ပေးမည်

ရန်ကုန် ဧပြီ ၂၉

(၂၅၆) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် အမှတ် ၃၈၄ ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမဆောင်၌ မေ ၁ရက် (စနေနေ့)တွင် နံနက် ၈နာရီမှစတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း၁၀၀ ၁၂ ဆု၊ ငွေကျပ် ၁၀သိန်းဆု ၂၄၀၊ ငွေကျပ် ငါးသိန်း သုံးဆု၊ ငွေကျပ် သုံးသိန်း ၁၃၅ ဆု၊ ငွေကျပ် နှစ်သိန်း ဆု ၁၁၇၀၊ ငွေကျပ် တစ်သိန်း ၁၁၃၅၈ ဆု အပါအဝင် ဆုမဲပေါင်း ၁၂၉၂၆ ဆုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဝါလင်းစာကြည့်တိုက် အဆောက်အအုံ ကလေးမြို့နယ် မင်းလှကျေးရွာတွင်ဖွင့်

ကလေး ဧပြီ ၂၅

ကလေးမြို့နယ် နတ်ကြီးကုန်း(ပျဉ်း) အုပ်စု မင်းလှကျေးရွာ ရွှေဝါလင်းစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းလှိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောသည်။ ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းက ငွေကျပ် ၁၀၀၀၀၊ ရွှေဝါလင်း စာကြည့်တိုက် ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က ငွေကျပ် ၁၀၀၀၀၀၊ ဌာနဆိုင်ရာ လူမှုရေး အသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများက သုတ၊ ရသစာအုပ်မျိုးစုံ ၂၆၄အုပ်နှင့် ငွေကျပ် ၇၄၉၃၀၀ အသီးသီးလှူဒါန်းကြရာ တာဝန်ရှိသူတို့က အသီးသီး လက်ခံယူကြပြီးနောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆောက်လုပ်ခဲ့

ဆက်လက်ပြီး ရွှေဝါလင်း စာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းလှိုင်နှင့် စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်တို့က (ဝဲပုံ) ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်မှာ အလျား ၂၄ ပေ× အနံ ၂၁ပေရှိ၍ သွပ်မိုး၊ ကပ်ကာ အမျိုးအစားဖြစ်ပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မတည်ငွေနှင့် ကျေးရွာပြည်သူများ ပူးပေါင်းပြီး ငွေကျပ် ၁၂သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

ဝမ်းလျှောဝမ်းပျက်ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့်အန်ဖတ်များတွင် ပါရှိသည်။ ဝမ်းနှင့် အန်ဖတ်များထဲမှ ရောဂါပိုးများ ရေနှင့်အစားအစာများထဲသို့ ရောက်ရှိပြီး လူတို့စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ ဝမ်းလျှောဝမ်းပျက်စေနိုင်သည့် အကြောင်းများ

- (၁) ယင်လုံအိမ်သာအသုံးမပြုဘဲ မြေပြင်ပေါ်တွင် မစင်စွန့်ခြင်း
- (၂) ယင်အုံ ယင်နားစာများ စားသောက်ခြင်း
- (၃) မလတ်ဆတ်သော အစားအစာများ စားသုံးခြင်း
- (၄) ချောင်းရေဖြင့် အိုးခွက်ပန်းကန်များ ဆေးကြောခြင်း
- (၅) ချောင်းရေကို မကျိုချက်ဘဲသောက်ခြင်း
- (၆) အစားအစာမကိုင်တွယ် မစားသောက်မီနှင့် မစင်စွန့်ပြီးချိန်တွင် လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်မဆေးခြင်း

၃။ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားကူးစက်မှုမရှိရန်

- (၁) သန့်ရှင်းသော ယင်လုံအိမ်သာအသုံးပြုပါ။ မြေပြင်ပေါ်တွင် မစင်မစွန့်ပါနှင့်။ ယင်မလုံပါက ထုံး၊ ပြာ၊ မြေကြီးဖြင့် ဖုံးပါ။
- (၂) ယင်ပေါက်ပွားမှုမရှိအောင် အမှိုက်သရိုက်များကို ကျင်းတူး၍စွန့်ပစ်ပြီး နေ့စဉ် ထုံး သို့မဟုတ် မြေကြီးဖြင့်ဖုံးပါ။
- (၃) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ပါ။ ယင်နားစာများ မစားပါနှင့်။
- (၄) အစားအစာများကို ပူပူနွေးနွေးစားသောက်ပါ။ ဝမ်းနူးစာများနှင့် ပြင်ပမှ အစာများ မစားပါနှင့်။
- (၅) ချောင်းရေမြောင်းရေများကို မသောက်ပါနှင့်။ ဆေးကြောရာတွင် မသုံးပါနှင့်။
- (၆) ချောင်းအတွင်းရေချိုးခြင်း၊ ရေကူးခြင်းနှင့် ချောင်းအနီးတွင် အဝတ်လျှော်ခြင်း မပြုပါနှင့်။
- (၇) ရေကို ကျိုချက်၍သောက်ပါ။
- (၈) အိမ်ရာများမှ ရေလှောင်ကန်များထဲသို့ ရေပုံးနှင့် မခပ်ပါနှင့်။
- (၉) အိမ်သာမှအဆင်းနှင့် အစားအစာများကို မကိုင်တွယ်မစားသောက်မီ လက်ကို ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးပါ။
- (၁၀) ဝမ်းလျှောဝမ်းပျက်လူနာများနှင့် လူနာပြုစုသူများသည် လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်စွာဆေးကြောပါ။
- (၁၁) လူနာကို ကိုင်တွယ်ပြုစုပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်စွာ ဆေးကြောပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပညာပေးနှိုးဆော်ချက် အမှတ်-၂

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်သည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာ ရောက်သောကြောင့် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်အမကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ဖြင့် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချို ငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅"ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည် ဖြစ်သည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် ရေချိုပုစွန်တုပ်ကြီးများကို နယုန်လကုန်အထိ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

အခမဲ့ဆေးဝါးကုသပေး

တောင်ငူမြို့ တိုင်းအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်း ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့ အုတ်တွင်းမြို့နယ် ကျွဲပွဲဒေသရှိ ပြည်သူများအား ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးဝါးကုသပေးစဉ်။ (၀၅၅)

ဝမ်းလျှောဝမ်းပျက်ရောဂါ

နှိုးဆော်ချက်-၂

မိုးရာသီတွင် သောက်သုံးရေများအတွင်းသို့ ညစ်ညမ်းသည့် ရေများစီးဝင်ခြင်း၊ သစ်သီးမှည့်အခွံများ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ကောင်များပေါများခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်းတို့ကြောင့် ပြင်းထန်သည့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။

ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက

- အရည်ဝမ်းများသွားခြင်း
- အော့အန်ခြင်းတို့ကြောင့် ခန္ဓာကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ဆုံးရှုံး၍ အားအင်ကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားပြီး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။ ဝမ်းလျှောဝမ်းပျက်ရောဂါကြောင့် အသက်အန္တရာယ် ထိခိုက်မှုမှ ကာကွယ်ရန် ဆုံးရှုံးသွားသည့်ရေနှင့် ဆားဓာတ်များကို အချိန်မီဖြည့်တင်းရန် လိုအပ်ပါသည်။

သို့ပါ၍ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာ ပြသ၍ ကုသမှုခံယူရန် အသိပေးတိုက်တွန်းအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

- **(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။**
- **(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။**
- **(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။**

ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းတွင် ထူးချွန်စွာစွမ်းဆောင်နိုင်သူများအား ကော့မှူး၌ ဂုဏ်ပြု

ကော့မှူး ဧပြီ ၂၄

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းတွင် ထူးချွန်စွာစွမ်းဆောင်နိုင်သူများအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၃၁ရက်က ကော့မှူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းတွင် ထူးချွန်စွာ စွမ်းဆောင်နိုင်ခဲ့သည့် ကော့မှူးမြို့နယ် ဥတိုသမဲ့ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ရေလုပ်သားများအား ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသန်းစိန်နှင့် မြို့နယ်ဥက္ကဋ္ဌတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်၍ ဥတိုသမဲ့ကျေးရွာ ဆေးပေးခန်းရန်ပုံငွေအတွက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လှူဒါန်းသည့် အလှူငွေကို ဒုတိယတိုင်းဦးစီးမှူး ဦးသန်းစိန်က ပေးအပ်သည်။ **(အပေါ်ပုံ)**

(မြို့နယ်ငါးဦးစီး)

မြို့နယ်စစ်မှုထမ်းဟောင်း အိမ်ရာဆောက်လုပ်မှု သရက်၌ဆောင်ရွက်

သရက် ဧပြီ ၂၆

သရက်မြို့နယ် ကိုးပင်ကျေးရွာအုပ်စုအတွင်း ဆောက်လုပ်လျက်ရှိသော စစ်မှုထမ်းဟောင်းအိမ်ရာကိုးလုံး ဆောက်လုပ်ခြင်းလုပ်ငန်းကို ဧပြီ ၂၃ရက်က သရက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိရာ တစ်လုံးမှာ ၁၀၀ရာခိုင်နှုန်းပြီးစီးပြီး ကျန်ရှစ်လုံးမှာ အောက်ခံအုတ်ခုံလုပ်ငန်း၊ တိုင်ထောင်လုပ်ငန်းများ ပြီးစီးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

မော်လမြိုင်မြို့၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲရေး ကွင်းဆင်းစစ်ဆေး

မော်လမြိုင် ဧပြီ ၂၅

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ကြီးကြပ်စီစဉ်မှုဖြင့် မော်လမြိုင်ယာဉ်ထိန်းတပ်ဖွဲ့မှ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးမြင့်အေး ဦးဆောင်သောအဖွဲ့ဝင်များ၊ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မော်တော်ဆိုင်ကယ် လိုင်းတာဝန်ခံဂိတ်မှူးများ ပူးပေါင်းပါဝင်သောအဖွဲ့သည် မတ် ၂၀ ရက်မှစတင်၍ မြို့အဝင်၊ အထွက်၌ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးကြသည်။ **(အပေါ်ပုံ)**

အရေးယူ

အဆိုပါပူးပေါင်းအဖွဲ့သည် အဖွဲ့ငါးဖွဲ့ခွဲ၍ ဧပြီ ၉ ရက်အထိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့၏ လိုင်စင်များကိုလည်းကောင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲမှုရှိ၊ မရှိကိုလည်းကောင်း စစ်ဆေးမှုပြုလုပ်ရာ စည်းကမ်းပျက်မော်တော်ယာဉ် ၁၁၀မှုနှင့် မော်တော်ဆိုင်ကယ် ၁၀၃၀မှုတို့ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၁၄)

ကမ္ဘာ့တီရစ္ဆာန်ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် လှည်းကူး၌ ကာကွယ်ဆေးအခမဲ့ထိုးနှံ

လှည်းကူး ဧပြီ ၂၈

*ရန်ကုန်တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဒေါက်တာစိုးဝင်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒေါက်တာမြင့်ဆွေ ဦးဆောင်လျက် လှည်းကူးမြို့နယ် ဦးစီးဌာနမှူး ဒေါက်တာမေဝင်းရွှေနှင့် ဝန်ထမ်းများပါဝင်သောအဖွဲ့သည် ကမ္ဘာ့တီရစ္ဆာန်ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် ဧပြီ ၂၄ရက် နံနက် ၉ နာရီက လှည်းကူးမြို့နယ် ခရောင်ကျေးရွာရှိ လယ်ယာလုပ်ငန်းခွင်သုံးကျွဲ၊ နွားများအား ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းနှင့် လူထုအသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)***

ဖြူးမြို့နယ်၌ လပြည့်ဝန်းစာကြည့်တိုက်ဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ဖြူး ဧပြီ ၂၃

နိုင်ငံတော်မတည်ငွေနှင့် ပြည်သူများ ထည့်ဝင်ငွေများဖြင့် စုပေါင်း၍ ဖွင့်လှစ်သော ဖြူးမြို့နယ် ဖြူးအရှေ့ကျေးရွာအုပ်စု နတ်ရေကန်ကျေးရွာ လပြည့်ဝန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်း၊ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်နှင့် ဖြူးအရှေ့ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသက်ဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးတို့က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌက လက်ခံယူသည်။

အဆိုပါစာကြည့်တိုက် အကျယ်အဝန်းမှာ ၂၄ပေ×၁၆ပေ ဖြစ်ပြီး သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်တိုက် အဆောက်အအုံဖြစ်ကာ ကုန်ကျငွေစုစုပေါင်းမှာ ငွေကျပ်၁၉သိန်း ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မတ် ၂၇ရက်က စစ်ကိုင်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြို ကျောင်း၏ ရင်သွေးငယ်များ ကျောင်းဆင်း ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲနှင့် ပဒေသာကပွဲအခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မြတ်မြတ်မှူးက မောင်သော်ထူးစံအား ဂုဏ်ပြုလက်မှတ် ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ကျောက်ဆည်၌ အသိပညာပေး

ကျောက်ဆည် ဧပြီ ၂၀

ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဧပြီ ၉ရက် မွန်းလွဲ ၁နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်အေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်နှင့် လူမှောင်ခိုနှင့်လူကုန်ကူးခြင်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်စိုးဝင်းက လူကုန်ကူးမှုဥပဒေအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

(စာပေနှင့်စာနယ်ဇင်း)

မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ရက်တိုယာဉ်မောင်းသင်တန်းဆင်းပွဲကျင်းပ

ကြံခင်း ဧပြီ ၂၀

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဟင်္သာတ)မှ မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ရက်တိုယာဉ်မောင်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲကို ကြံခင်းမြို့နယ်ရုံးဝင်းအတွင်း၌ ဧပြီ ၅ရက်ကကျင်းပရာ အခမ်းအနားတွင် သင်တန်းတက်ရောက်အောင်မြင်သူများအား ခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဟောပြော

သင်တန်းကို ဧပြီ ၃ရက်မှ ၅ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၀၇ဦးတက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက မော်တော်ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ မော်တော်ဆိုင်ကယ်စီးဦးထုပ်အသုံးပြုမှုနှင့်ပတ်သက်၍ သိသင့်သည့်အချက်အလက်များ၊ ယာဉ်မောင်းသူများ လက်စွဲပါစည်းကမ်းချက်များ၊ ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် လိုက်နာရမည့် အချက်အလက်များကို ရုပ်ပုံကားချပ်များနှင့်တကွ ဟောပြော ပို့ချခဲ့သည်။

(ခရိုင်/ကညန)

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ ရတနာသိင်္ဂီဈေးတွင် ဈေးမီးဘေးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြဟောပြောပွဲကို ဧပြီ ၂၈ရက်ကကျင်းပရာ မြောက်ဥက္ကလာပမြို့နယ်ရှိ ဈေးအားလုံးမှ ဈေးကိုယ်စားလှယ်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးသာယာရေးအဖွဲ့ဝင်များအား မြောက်ဥက္ကလာပ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအေးကျော်က မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောစဉ်။ (မြို့နယ်မီးသတ်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

ပြည်သူလူထုအခြေပြု ကျန်းမာရေးစီမံချက် ဆောင်ရွက်မှု မိခင်နှင့်ကလေး သေဆုံးမှုနှုန်း သိသိသာသာကျဆင်းလာ

နေပြည်တော် ဧပြီ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနကဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေး စီမံချက် တိုးချဲ့မြို့နယ်များ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူးများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

အထူးဦးစားပေး

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာပေါ်၌ နေ့စဉ် မိခင် ၁၆၀၀ခန့်နှင့် မွေးကင်းစကလေး ၅၀၀၀ခန့်သည် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးတွင် ဖြစ်လာသည့် နောက်ဆက်တွဲ ပြဿနာများကြောင့် သေဆုံးနေကြရကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ တစ်နှစ်အောက်ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေး သေနှုန်းများသည် နိုင်ငံတော်၏အရေးကြီးပြီး အခြေခံကျသည့် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးအညွှန်းကိန်းများဖြစ်၍ မိခင်၊ ကလေးကျန်းမာရေးကိစ္စများကို အထူးဦးစားပေး ကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသအထိကျန်းမာရေးဝန်ထမ်းများခန့်အပ်၍ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်နေသော်လည်း ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတနည်းပါးမှု အပါအဝင် အခြားအခက်အခဲတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား လက်လှမ်းမီနိုင်မှု နည်းပါးနေသေးသည်ကိုတွေ့ရကြောင်း။

အထူးသဖြင့် အရေးပေါ် အခြေအနေများတွင် သက်ဆိုင်ရာ ဆေးရုံ၊ ဆေးပေးခန်းများသို့ အချိန်မီမရောက်ရှိသဖြင့် အသက်ဆုံးရှုံးသွားရသည့် ကလေးများနှင့် မိခင်များရှိနေကြောင်း၊ မိခင်နှင့်ကလေး သေဆုံးမှုနှုန်း လျော့နည်းစေရန် ရည်ရွယ်လျက် ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနစိတ် အနေဖြင့် JICA / JOICFP ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေး စီမံချက်ကို ၂၀၀၅ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲနှင့် နောင်ချိုမြို့နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ပိုမိုမြင့်မားလာ

ရလဒ်များအနေဖြင့် ကျောက်မဲနှင့် နောင်ချိုမြို့နယ်များရှိ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားလာသည်ကို တွေ့ရှိရကြောင်း၊ မြို့နယ်များရှိ မိခင်သေဆုံးမှုနှုန်း၊ တစ်နှစ်အောက်ကလေးသေဆုံးမှုနှုန်းနှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းများသည် စီမံချက် မစတင်မီကာလနှင့် နှိုင်းယှဉ်ကြည့်ပါက သိသိသာသာ ကျဆင်းလာသည်ကိုတွေ့ရှိရကြောင်း။

ပူးပေါင်းပါဝင်

ကိုယ်ဝန်ဆောင်မိခင်တိုင်းသည် အချိန်မရွေးအန္တရာယ်ရှိနိုင်ကြောင်း၊ သို့ရာတွင် အချိန်မီ ကုသနိုင်ပါက အသေအပျောက်ကင်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အချိန်မီရောက်ရှိနိုင်ရန် ကိုယ်ဝန်ဆောင်မိခင်များ နေအိမ်မှ ဆေးရုံ၊ ဆေးခန်းသို့ ရောက်ရှိစေရန် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည် မရှိမဖြစ်အရေးကြီးကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မိခင်နှင့်ကလေးသေနှုန်း ကျဆင်းရန် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်များမှ တာဝန်ရှိသူများအနေဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ၍ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြီး ဆွေးနွေးပွဲကို ယနေ့မှ ဧပြီ ၂၉ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးစီမံချက် တိုးချဲ့မြို့နယ်များ အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျော့ဖုံးမှ

ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နိုင်မှုအနေဖြင့် မိုးဦးကာလဖြစ်သည့် မေလနှင့် ဇွန်လတို့တွင် တစ်ကြိမ်၊ မိုးလယ်ကာလဖြစ်သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် နှစ်ကြိမ်နှင့် မိုးနှောင်းကာလဖြစ်သည့် စက်တင်ဘာလတွင် တစ်ကြိမ်ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းရသည်။

သုံးသပ်ခန့်မှန်း

ပြည်နယ်နှင့် တိုင်းအသီးသီးအတွက် မိုးရွာသွန်းမှုအနေဖြင့် မိုးဦးကာလနှင့် မိုးလယ်ကာလတို့တွင် ရွာသွန်းမြဲခန့် ရွာသွန်းနိုင်ပြီး မိုးနှောင်းကာလတွင် ရွာသွန်းမြဲထက် ပိုမိုရွာသွန်းနိုင်သည်။ မြန်မာနိုင်ငံ မြစ်ကြီးများအတွက် မိုးဦးကာလတွင် မြစ်ရေကြီးနိုင်မှု အခြေအနေမရှိနိုင်ကြောင်း၊ မိုးလယ်ကာလတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် တစ်ကြိမ်ခန့်စီ၊ သံလွင်မြစ်နှင့် စစ်တောင်းမြစ်တို့တွင် နှစ်ကြိမ်ခန့်စီ၊ မိုးနှောင်းကာလတွင် စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့တွင် တစ်ကြိမ်ခန့်စီ စိုးရိမ်ရေမှတ်သို့ အသီးသီး ရောက်ရှိနိုင်သည်ဟု သုံးသပ်ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအနက် ၃၂ဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိ

နေပြည်တော် ဧပြီ ၂၈

ဧပြီ၁၅ရက်နေ့က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ X_2O ရေကစားမဏ္ဍပ်ရှေ့၌ ဗုံးပေါက်ကွဲမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဆေးရုံအသီးသီးတို့၌ ဆေးကုသမှုခံယူလျက်ရှိသော ဒဏ်ရာရလူနာ ၁၇၀အနက် လူနာအများစုမှာဆေးရုံမှ ဆင်းသွားနိုင်ခဲ့ပြီး အမျိုးသား ၄၂ဦး၊ အမျိုးသမီး ၁၈ဦး စုစုပေါင်း ၆၀သာ ဆက်လက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်ခံယူ

ယခုအခါ အဆိုပါ ဆေးကုသမှုခံယူလျက်ရှိသော လက်ကျန်ဒဏ်ရာရလူနာများအနက် သက်သာပျောက်ကင်းသူများ ဆေးရုံမှ ထပ်မံဆင်းသွားနိုင်ခဲ့ပြီး ယနေ့အထိ အမျိုးသား ၁၉ဦး၊ အမျိုးသမီး ၁၃ဦး စုစုပေါင်း ၃၂ဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ်လအတွင်း မူးယစ်ဆေးဝါး ၂၁၆မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် ဧပြီ ၂၈

၂၀၁၀ခုနှစ် မတ်လအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၂၁၆မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၅မှု (အလေးချိန် ၁၅၅ ဒသမ ၅၅၂၃ ကီလို)၊ ဘိန်းဖြူ ၅၀ (အလေးချိန် ၁ ဒသမ ၅၈၇၄ ကီလို)၊ ဘိန်းဆီခဲ ရှစ်မှု (အလေးချိန် ၅ ဒသမ ၉၂၆၄ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၀ မှု (အလေးချိန် ၄၆ ဒသမ ၇၈၅၇ ကီလို)၊ ဆေးခြောက် ၁၇မှု (အလေးချိန် ၂၁ ဒသမ ၈၇၉ ကီလို)၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၈ မှု (၅၅၄၆၉၉ဒသမ၇ ပြား)၊ ဘိန်းညိုမှုန့် တစ်မှု(အလေးချိန် ၉၈ဒသမ၂ကီလို)၊ အက်ဖီဒရင်း တစ်မှု (အလေးချိန် ၁ဒသမ ၆ကီလို)၊ ကေဖင်း ၁၄ ကီလို၊ ဘိန်းရည် တစ်မှု (အလေးချိန် ၂ ဒသမ၄၅လစ်တာ)၊ ချောင်းဆိုးပျောက်ဆေးရည် (၀ ဒသမ ၀၆ လစ်တာ)၊ ဓာတုဆေးရည် တစ်မှု (အလေးချိန် ၂၀၉ လစ်တာ)၊ ဓာတုဆေးမှုန့် တစ်မှု (အလေးချိန် ၂၁၉၈ ဒသမ ၅ ကီလို)၊ ဆူဒိုအက်ဖီဒရင်း ဆေးပြား တစ်မှု (၁၀၇၂၅၀ ပြား)၊ အိုက်(စ်) တစ်မှု (အလေးချိန် ၂ ကီလို)၊ စိတ်ကြွ ဆေးမှုန့် (၄၂ ဒသမ ၄ ကီလို)၊ ဘိန်းစာမှုန့် ၁၀ မှု (အလေးချိန် ၁၀ ဒသမ ၆၈၄၃ ကီလို)၊ မှတ်ပုံတင်ပျက် တစ်မှု၊ အခြားအမှု ၁၀မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ အမှုပေါင်း ၂၁၆မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၂၇၂ဦးနှင့် တရားခံအမျိုးသမီး ၅၈ဦး စုစုပေါင်း ၃၃၀ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Pacific Digital Photo Service & Digital Camera Shop မှ ပစ္စည်းများ ရောင်းချပေးလျက်ရှိ

ရန်ကုန် ဧပြီ ၂၈

Life Style & IT ၂၀၁၀ အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများ ပြပွဲကို ဧပြီ ၂၈ရက်မှ မေ ၁ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိရာ Pacific Digital Photo Service & Digital Camera Shop မှ ရုပ်ထွက်ကြည်လင် ပြတ်သားပြီး နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် Digital Camera များနှင့် Video Camera မျိုးစုံ၊ အရည်အသွေးမီ ဓာတ်ခဲမျိုးစုံနှင့် Camera ဆက်စပ်ပစ္စည်းများကို ပစ္စည်းမှန်၊ ဈေးနှုန်းချိုသာစွာဖြင့် ပြသရောင်းချ ပေးလျက်ရှိသည်။

Pacific Digital Photo Service & Digital Camera Shop မှ ဓာတ်ပုံများကို အရည်အသွေးမီ ကြည်လင်ပြတ်သားစွာဖြင့် ခုအပ်၊ ခုယူ အမြန်ဆုံးကူးစနစ်ဖြင့် Digital စက်သစ်ကြီးများဖြင့် (4" x 6") မှ (24" x 100")အထိ ဓာတ်ပုံဆိုဒ်မျိုးစုံကို ကူးယူဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ပြသရောင်းချရာတွင် ပြင်ပရှိ ရောင်းဈေးထက် ကင်မရာအမျိုးအစားပေါ်မူတည်၍ လျှော့ဈေးဖြင့် ရောင်းချသွားမည်ဖြစ်ပြီးပစ္စည်းများကို တစ်နှစ်အာမခံ ပေးထားမည်ဖြစ်သည်။

Pacific Digital Photo Service & Digital Camera Shop မှ Digital Camera များနှင့် Video Camera များကို လာရောက်ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အမှတ်(၁၇၇/၁၇၉) အနော်ရထာလမ်းနှင့် ၃၃လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၃၈၅၁၇၃၊ ၂၄၁၀၇၃ တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။**(အောက်ပုံ) (သတင်းစဉ်)**



ဝမ်းလျှောဝမ်းပျက်ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့်အန်ဖတ်များတွင် ပါရှိသည်။ ဝမ်းနှင့် အန်ဖတ်များထဲမှ ရောဂါပိုးများ ရေနှင့်အစားအစာများထဲသို့ ရောက်ရှိပြီး လူတို့စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ ဝမ်းလျှောဝမ်းပျက်စေနိုင်သည့်အကြောင်းများ

(၁) ယင်လုံအိမ်သာအသုံးမပြုဘဲ မြေပြင်ပေါ်တွင် မစင်စွန့်ခြင်း

(၂) ယင်အုံ ယင်နားစာများ စားသောက်ခြင်း

(၃) မလတ်ဆတ်သော အစားအစာများ စားသုံးခြင်း

(၄) ချောင်းရေဖြင့် အိုးခွက်ပန်းကန်များ ဆေးကြောခြင်း

(၅) ချောင်းရေကို မကျိုချက်ဘဲသောက်ခြင်း

(၆) အစားအစာမကိုင်တွယ် မစားသောက်မီနှင့် မစင်စွန့်ပြီးချိန်တွင် လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်မဆေးခြင်း

၃။ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားကူးစက်မှုမရှိရန်

(၁) သန့်ရှင်းသော ယင်လုံအိမ်သာအသုံးပြုပါ။ မြေပြင်ပေါ်တွင် မစင်မစွန့်ပါနှင့်။ ယင်မလုံပါက ထုံး၊ ပြာ၊ မြေကြီးဖြင့်ဖုံးပါ။

(၂) ယင်ပေါက်ပွားမှုမရှိအောင် အမှိုက်သရိုက်များကို ကျင်းတူး၍ စွန့်ပစ်ပြီး နေ့စဉ် ထုံး သို့မဟုတ် မြေကြီးဖြင့်ဖုံးပါ။

(၃) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ပါ။ ယင်နားစာများ မစားပါနှင့်။

(၄) အစားအစာများကို ပူပူနွေးနွေး စားသောက်ပါ။ ဝမ်းနူးစာများနှင့် ပြင်ပမှ အစာများ မစားပါနှင့်။

(၅) ချောင်းရေမြောင်းရေများကို မသောက်ပါနှင့်။ ဆေးကြောရာတွင် မသုံးပါနှင့်။

(၆) ချောင်းအတွင်းရေချိုးခြင်း၊ ရေကူးခြင်းနှင့် ချောင်းအနီးတွင် အဝတ်လျှော်ခြင်း မပြုပါနှင့်။

(၇) ရေကို ကျိုချက်၍သောက်ပါ။

(၈) အိမ်ရာများမှ ရေလှောင်ကန်များထဲသို့ ရေပုံးနှင့် မခပ်ပါနှင့်။

(၉) အိမ်သာမှအဆင်းနှင့် အစားအစာများကို မကိုင်တွယ် မစားသောက်မီ လက်ကို ရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးပါ။

(၁၀) ဝမ်းလျှောဝမ်းပျက်လူနာများနှင့် လူနာပြုစုသူများသည် လက်ကို ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်စွာဆေးကြောပါ။

(၁၁) လူနာကို ကိုင်တွယ်ပြုစုပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်စွာ ဆေးကြောပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဝမ်းလျှောဝမ်းပျက်ရောဂါ

နှိုးဆော်ချက်-၂

မိုးရာသီတွင် သောက်သုံးရေများအတွင်းသို့ ညစ်ညမ်းသည့် ရေများစီးဝင်ခြင်း၊ သစ်သီးမှည့်အခွံများ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ကောင်များပေါများခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်းတို့ကြောင့် ပြင်းထန်သည့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။

ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက

- အရည်ဝမ်းများသွားခြင်း
- အော့အန်ခြင်းတို့ကြောင့် ခန္ဓာကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ဆုံးရှုံး၍ အားအင်ကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားပြီး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။ ဝမ်းလျှောဝမ်းပျက်ရောဂါကြောင့် အသက်အန္တရာယ်ထိခိုက်မှုမှ ကာကွယ်ရန် ဆုံးရှုံးသွားသည့်ရေနှင့် ဆားဓာတ်များကို အချိန်မီဖြည့်တင်းရန် လိုအပ်ပါသည်။

သို့ပါ၍ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာပြသ၍ ကုသမှုခံယူရန် အသိပေးတိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(**Friction**)မှ သဘာဝတည်ငြိမ် လျှပ်စစ်(**Static Electricity**)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ဌာနေကိုယ်စားလှယ် Dr.Shin Imai လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဦးဌေးဦးအား FAO ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr.Shin Imai သည် ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက် မြင့်မားရေးအတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကို ဆွေးနွေးကြသည်။ ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနရှိ လုပ်ငန်း/ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူငယ့်အားမာန် သွေးလှူရှင်အသင်း စည်းဝေး

လက်ပံတန်း ဧပြီ ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ လူငယ့်အားမာန် သွေးလှူရှင်အသင်း နှစ်ပတ်လည်အခမ်းအနားကို မီးသတ်ခန်းမ၌ ဧပြီ ၂၅ ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေမျိုးသန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်လတ်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်အေးအေးမူတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌက အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး အလှူရှင်များက အလှူငွေများပေးအပ်ရာ အသင်းဥက္ကဋ္ဌက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၁၇၅)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၄/၂၀၁၀) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တင်ပြ

အစည်းအဝေးတွင် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာ တင်ထွန်းဦး) က ယခင်(၃/၂၀၁၀) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုလည်းကောင်း၊ လုပ်ငန်းကော်မတီ အသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း တင်ပြကြသည်။ ထို့နောက် မေ ၁၆ရက်နှင့် ၁၇ရက်တို့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI အစည်းအဝေးခန်းမ၌ကျင်းပမည့် ပဉ္စမအကြိမ် စာပေညီလာခံနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည် ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ-တရုတ် ဂူရှူးသရုပ်ပြပွဲပြသရန် တရုတ်ဂူရှူးအဖွဲ့ရောက်ရှိ

ရန်ကုန် ဧပြီ ၂၈

မြန်မာ-တရုတ် သံတမန်ဆက်သွယ်မှု နှစ် (၆၀)ပြည့် အထိမ်းအမှတ် ဂူရှူးသရုပ်ပြပွဲကို သရုပ်ပြသရန် တရုတ်နိုင်ငံဂူရှူးအဖွဲ့သည် ယနေ့နံနက် ၁၁နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆစ်ထွန်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** တရုတ်နိုင်ငံဂူရှူးအဖွဲ့တွင် အုပ်ချုပ်နည်းပြအဖွဲ့ဝင် ခြောက်ဦး၊ ကစားသမား ၂၀၊ စုစုပေါင်း ၂၆ဦး လိုက်ပါလာကြသည်။

(သတင်းစဉ်)

လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ပြည်နယ်နှင့်တိုင်းအချို့၌ ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့

နေပြည်တော် ဧပြီ ၂၈

ဧပြီ ၂၃ ရက်မှ ၂၆ရက်အတွင်း ပြည်နယ်၊ တိုင်းအချို့၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှု အချို့ရှိခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်း

မကွေးတိုင်း အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့၌ ဧပြီ ၂၃ရက် ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့၊ စာသင်ကျောင်းဆောင်အချို့၏ အမိုးသွပ်များလန်ခြင်း၊ တဲအိမ်၁၅လုံးခန့် ပြိုလဲပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

မိုးသည်းထန်

နန်းယွန်းမြို့နယ် ကြိုင်ရိုင်ကျေးရွာ၊ ကွန်ဟိန်းမြို့နယ် ပိန်းခြံကျေးရွာ၊ ကျိုင်းတုံ၊ တန့်ယန်း မြို့နယ်တို့၌ ဧပြီ ၂၄ရက် မွန်းလွဲပိုင်းတွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာစာသင်ကျောင်းအချို့ အမိုးလန်ခြင်း၊ တဲအိမ်ခြောက်လုံး ပြိုလဲခြင်း၊ ရုံးအဆောက်အအုံအချို့ အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ နန်းယွန်းမြို့နယ် ကြိုင်ရိုင်ကျေးရွာ၌ အိမ်လဲပြိုမှုကြောင့် လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

လေပြင်းတိုက်ခတ်

အလားတူ နေပြည်တော်တပ်ကုန်းနှင့် ဘုတလင်မြို့နယ်တို့၌ ဧပြီ ၂၄ရက် ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ အမိုးလန်ခြင်း၊ သစ်ပင်များ ကျိုးကျ၍ ခိုင်းနွားနှစ်ကောင် သေဆုံးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လဲပြို

ကသာ၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ တီးတိန်နှင့်ကျောက်မဲမြို့နယ်တို့၌ ဧပြီ ၂၅ရက် ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်၊ စာသင်ကျောင်းနှင့် ရုံးအဆောက်အအုံအချို့ အမိုးလန်ခြင်း၊ လျှပ်စစ်မီးတိုင်များ လဲပြိုခြင်း ဖြစ်ပေါ်ခဲ့ပြီး လူ၊ တိရစ္ဆာန်ထိခိုက် ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

လမ်းပိတ်ဆို့

ပခုက္ကူ၊ ရေစကြိုနှင့် ညောင်ဦးမြို့နယ်တို့၌ ဧပြီ ၂၆ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်း၊ အားကစားရုံ၊ ရုံးအဆောက်အအုံအချို့နှင့် လူနေအိမ်အချို့ အမိုးများလန်ခြင်း၊ လမ်းမများပေါ်ရှိ သစ်ပင်ကြီးများနှင့် ဓာတ်တိုင်များ လဲကျ၍ လမ်းပိတ်ဆို့ခြင်း၊ လျှပ်စစ်မီးများ ပြတ်တောက်ခြင်းစသည်တို့ဖြစ်ပေါ်ခဲ့ကြောင်း၊ လူငါးဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးကူညီခြင်း၊ ပြိုလဲပြတ်တောက် ပိတ်ဆို့မှုများအား အမြန်ဆုံးရှင်းလင်းဖယ်ရှား ပြုပြင်ခြင်းများ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။

ထူးခြားသည့် နေ့အပူချိန်

၂၈-၄-၂၀၁၀

သာယာဝတီမြို့

၄၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ်

နေပြည်တော်ပျဉ်းမနား

၄၂ ဒီဂရီစင်တီဂရိတ်

အောင်လံမြို့

၄၂ ဒီဂရီစင်တီဂရိတ်

မကွေးမြို့

၄၂ ဒီဂရီစင်တီဂရိတ်

အထူးဂရုပြု

ယခုကာလအတွင်း ရံဖန်ရံခါ မိုးသက်လေပြင်းများ တိုက်ခတ်လေ့ရှိသည့်အတွက် ပြည်သူများအနေဖြင့် အထူးဂရုပြုဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၀ ခုနှစ် နွေရာသီဖိတ်ခေါ် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ဧပြီ ၂၅ရက် နံနက်၈နာရီမှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း (မြန်မာ့လက်ရွေးစင်ဘတ်စကက်ဘောအားကစားသမားဟောင်း)၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘတ်စကက်ဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ အမျိုးသား အသက်(၂၀)အောက် ပြိုင်ပွဲတွင် ၁၁သင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ခြောက်သင်း၊ အမျိုးသား အသက်(၁၆)နှစ်အောက်ပြိုင်ပွဲတွင် ၁၂သင်း စုစုပေါင်း ၂၉သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဗိုလ်လုပွဲ

ယခုပြိုင်ပွဲကို အုပ်စုအလိုက် အမှတ်ပေးပြိုင်ပွဲများအဖြစ် ဧပြီ ၂၄ ရက်မှ ၂၇ရက်အထိ ကျင်းပခဲ့ပြီး ရှုံးထွက်ပြိုင်ပွဲ (ကွာတားဖိုင်နယ်)များကို ဧပြီ ၂၈ ရက်တွင်လည်းကောင်း၊ အကြိုဗိုလ်လုပွဲများကို ဧပြီ ၂၉ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဧပြီ ၃၀ရက် နံနက် ၈ နာရီမှ စတင်၍ တတိယနေရာလုပွဲ သုံးပွဲနှင့် ဗိုလ်လုပွဲသုံးပွဲတို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ရေသွန်းလောင်း

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ပိုင်းစေတီတော်၌ ၁၃၇၂ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) နံနက်က အင်္ဂါထောင့်ရှိ ဗောဓိပင်ကို ညောင်ရေသွန်းလောင်း ကုသိုလ်ပြုကြစဉ်။ (၁၁၁)

LIFESTYLE & IT 2010 ပြပွဲ ရောင်းသူဝယ်သူများဖြင့် အထူးစည်ကား

ရန်ကုန် ဧပြီ ၂၈

သုံးစွဲသူများအနေဖြင့် ခေတ်နှင့်အညီ ဆန်းသစ်သော နည်းပညာနှင့် ဝန်ဆောင်မှုများကို ပိုမိုသိရှိစေရန်နှင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်စေခြင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အားနည်းချက်၊ အားသာချက်များကို သိရှိပြီး ဆန်းသစ်သောထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးနိုင်စေခြင်းစသော

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမရှိ LIFESTYLE & IT 2010 ပြပွဲတွင် UNIQUE အရောင်းပြခန်း၌ နောက်ဆုံးပေါ်ကွန်ပျူတာများ ရောင်းချပေးလျက်ရှိသည်ကို ဤသို့တွေ့ရသည်။

ရည်ရွယ်ချက်များနှင့် LIFESTYLE & IT 2010 ပြပွဲကြီးကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၂၈ရက်မှ မေ ၁ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

စီစဉ်ကျင်းပ

အဆိုပါပြပွဲကို Milky Way International ကုမ္ပဏီလီမိတက်က စီစဉ်ကျင်းပခြင်းဖြစ်သည်။ ယင်းပြပွဲတွင် ကုမ္ပဏီပေါင်း ၆၀က ဆိုင်ခန်းပေါင်း ၁၁၀ဖြင့် ခင်းကျင်းပြသပြီး အီလက်

ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အိမ်ရာအဆောက်အအုံဆိုင်ရာ အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုးနှင့် ခေတ်မီပရိဘောဂပစ္စည်းအမျိုးမျိုးတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါပြပွဲတွင် ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်း အမှတ် ၁၉၄မှ လာရောက်ခင်းကျင်းပြသသည့် UNIQUE ကွန်ပျူတာစင်တာအရောင်းပြခန်းမှ မန်နေဂျင်းဒါရိုက်တာ ကိုကျော်ဆန်းဦးက "ကျွန်တော်တို့ကုမ္ပဏီအနေဖြင့် ဒီပြပွဲမှာ Desktop နဲ့ Laptop ကွန်ပျူတာတံဆိပ်အမျိုးမျိုးကို ဈေးနှုန်းအသက်သာဆုံးနဲ့ ရောင်းချပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကိုလည်း ရောင်းချပေးပါတယ်။ ပြပွဲပြီးသွားရင်လည်း ဆိပ်ကမ်းသာလမ်းပြခန်းမှာ လာရောက်အားပေးဝယ်ယူနိုင်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။ UNIQUE အရောင်းပြခန်းတွင် acer, Lenovo,

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမရှိ LIFESTYLE & IT 2010ပြပွဲတွင် acer အရောင်းပြခန်း၌ ရောင်းသူ ဝယ်သူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့တွေ့ရသည်။

MSI, DELL, SUZUKI, ASUS အမှတ်တံဆိပ်ပါကွန်ပျူတာများ ရောင်းချလျက်ရှိကြောင်း တွေ့ရသည်။

အထူးလျှော့ဈေး

ယင်းပြပွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်း အမှတ် ၅၇၀မှ လာရောက်ခင်းကျင်းပြသသော ရွှေလမင်းနဂါးကုမ္ပဏီမှ ၂၀၀၉ ခုနှစ် အိုင်စီတီစစ်တမ်းအရ လူကြိုက်အများဆုံး အမှတ်တံဆိပ်ဖြစ်သည့် ASPIRE Timeline Notebook ကွန်ပျူတာများ၊ SPIRE One Notebook ကွန်ပျူတာများကို ပြပွဲကာလအတွင်း သုံးရာခိုင်နှုန်းမှ ၁၃ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ယင်းကွန်ပျူ

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမရှိ LIFESTYLE & IT 2010 ပြပွဲတွင် DELL ကွန်ပျူတာအရောင်းပြခန်းကို ဤသို့တွေ့ရသည်။

တာများမှာ သုံးစွဲချိန် ရှစ်နာရီကြာအထိ သုံးစွဲနိုင်ကြောင်း သိရသည်။

ယင်းပြပွဲတွင် ဗဟန်းမြို့နယ်အနောက်ရွှေဂုံတိုင်လမ်း အမှတ် ၁၅၂ (အေ)မှ DELL ကွန်ပျူတာအရောင်းပြခန်းမှလည်း လာရောက်ခင်းကျင်းပြသသည်ကို တွေ့ရသည်။ ပြပွဲတွင် DELL အမှတ်တံဆိပ်ပါ နောက်ဆုံးပေါ် Laptop များနှင့် Desktop ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ ယင်းပြခန်း၌ ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းထားသဖြင့် လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မီးခံသေတ္တာ

ထို့အပြင် New Mobile မှ Handset အမျိုးမျိုး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ တစ်ဖန် ရန်ကုန်မြို့ ဘုန်းကြီးလမ်း အမှတ် ၅၄မှ Ocean Glory Ltd. ၏ LEECO အမှတ်တံဆိပ် မီးခံသေတ္တာအမျိုးမျိုးကို ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။ ယင်းမီးခံသေတ္တာအမျိုးအစားများသည် မီးအပူချိန် ၁၀၀၀စီတွင် အချိန်နှစ်နာရီကြာ ဆက်တိုက် မီးအပူခံနိုင်ကြောင်း၊ မန္တလေးရတနာပုံဈေး အပေါ်ထပ် မီးလောင်မှုတွင် ၄င်းမီးခံသေတ္တာ အမျိုးအစားများသုံး၍ သိမ်းဆည်းထားသောငွေများအားလုံး ပြန်ရကြောင်း သိရသည်။

သို့ပါ၍ LIFESTYLE & IT 2010 ပြပွဲသည် အိုင်တီနည်းပညာစိတ်ဝင်စားနေသော လူငယ်လူရွယ်များ၊ အိမ်သုံးပစ္စည်း လှလှပပမက်မောသူများ၊ ကွန်ပျူတာ Notebook နှင့် Handset များ ဝယ်ယူကြလိုသူများအနေဖြင့် ပစ္စည်းမှန် ဈေးမှန် ရောင်းချပေးလျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမရှိ LIFESTYLE & IT 2010ပြပွဲတွင် LEECO မီးခံသေတ္တာများ အရောင်းပြခန်းကို ဤသို့တွေ့ရသည်။

အိုလစ်ဟက်ထရစ်ဖြင့် ဘိုင်ယန်တို့ ဗိုလ်လုပွဲတက်

အာကာဟိန်း-ရေးသားသည်

လန်ဒန် ဧပြီ ၂၈

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် လိုင်ယွန်ကွင်း၌ လိုင်ယွန်နှင့် ဘိုင်ယန်မြူးနစ်တို့ ဧပြီ ၂၈ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ ဘိုင်ယန်မြူးနစ်တို့က သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး နှစ်ကျော့ပေါင်း လေးဂိုးပြတ်ဖြင့် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

တုံ့ပြန်ကစား

အိမ်ကွင်း၌ခြေစွမ်းပြကစားလေ့ရှိသည့် လိုင်ယွန်တို့ ဧည့်သည် ဘိုင်ယန်မြူးနစ်တို့၏ ထိုးဖောက်ကစားမှုအောက်တွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။ လိုင်ယွန်သည် ဘိုင်ယန်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည့် အကြွေးကိုဆပ်ပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ရန် လူစုံထုတ် ခြေကုန်ထုတ်ကစားခဲ့သည်။ ဘိုင်ယန်မြူးနစ်တို့ တိုက်စစ်ဆင်မှုကို မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သည်။

ပွဲထွက်

လိုင်ယွန်တွင် လိုပက်ဇ်ကို တိုက်စစ်အထောင်ထားရှိကာ ဒယ်လ်ဂါဒို၊ ဘာစတို့စ်တို့က တိုက်စစ်ကို အားဖြည့်ခဲ့ကြသည်။ ဘိုင်ယန်မြူးနစ်ကလည်း ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်ရန် အမာခံလူများဖြစ်သည့် အိုလစ်၊ မူလာ၊ အယ်ဆင်တော့ပ်၊ ဘွမ်မဲလ်နှင့် ရော်ဘင်တို့ကို အကုန်ထုတ်သုံးကာ ပွဲထွက်ခဲ့သည်။ အိုလစ်နှင့် မူလာတို့ကို ရှေ့တန်းတိုက်စစ်တွင် လွတ်လပ်စွာ ထိုးဖောက်ကစားစေခဲ့သည်။

အဖွင့်ဂိုး

ဘိုင်ယန်မြူးနစ်တို့ပွဲစတင်သည်နှင့် လိုင်ယွန်ဘက်သို့ ဖိကစားပြီး ဂိုးသွင်းယူနိုင်ရေး ထိုးဖောက်တိုက်စစ်ဆင်ခဲ့သည်။ လိုင်ယွန်ခံစစ်မှူးများကလည်း ပွဲစချိန်၌ တည်တည်ငြိမ်ငြိမ် ဟန့်တားနိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၂၆မိနစ်၌ ရော်ဘင်နှင့် မူလာတို့ အပေးအယူလုပ်ပြီး မူလာဖြတ်ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး အိုလစ်က ကန်သွင်းယူခဲ့သဖြင့် ဘိုင်ယန်မြူးနစ်တို့ အဖွင့်ဂိုးရရှိခဲ့သည်။ လိုင်ယွန်တို့ ချေပဂိုး သွင်းယူနိုင်ရေးကြိုးစားသော်လည်း ပထမပိုင်းပွဲချိန်တွင် တစ်ဂိုး-ဂိုးမရှိရလဒ်ဖြစ်နေခဲ့သည်။

အထုတ်ခံရ

ဒုတိယပိုင်းပွဲချိန်တွင်လည်း ဘိုင်ယန်မြူးနစ်တို့က ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက်ကစားရာ ဆစ်ဆိုကိုဦးဆောင်သည့် လိုင်ယွန်ခံစစ်မှူးများကြိုးစားဟန့်တားခဲ့ရသည်။ သို့သော် မိနစ် ၆၀၌ လိုင်ယွန်နောက်ခံလူစီရစ် နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသဖြင့် လိုင်ယွန်တို့ ၁၀ဦးတည်းနှင့် ကစားခဲ့ရသည်။



လိုင်ယွန်နှင့် ဘိုင်ယန်မြူးနစ်တို့ပွဲတွင် တိုက်စစ်မှူး အိုလစ်က ဒုတိယဂိုးကို ဤသို့ သွင်းယူပေးခဲ့သည်။

ဂိုးသွင်း

လိုင်ယွန်တို့ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ၆၇ မိနစ်နှင့် ၇၇ မိနစ်တို့၌ တိုက်စစ်မှူး အိုလစ်က နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ဘိုင်ယန်မြူးနစ်တို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်တိုက်စစ်မှူး အိုလစ်လည်း ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။ လိုင်ယွန်တို့ ချေပဂိုးများသွင်းယူနိုင်ရန်အတွက် ၆၉ မိနစ်၌ ဒယ်လ်ဂါဒိုအစား ပီဂျာနစ်၊ လိုပက်ဇ်အစားအီဒါဆင်တို့ဖြင့် အစားထိုးကစားစေခဲ့သော်လည်း ပွဲရလဒ်မပြောင်းနိုင်ခဲ့သဖြင့် သုံးဂိုးပြတ်ဖြင့် အိမ်ကွင်း၌ လိုင်ယွန်တို့ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်သည် လာမည့် မေ ၂၂ရက်၌ ကျင်းပမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်ကာ ထိုက်ထိုက်တန်တန်ဆင်နွှဲနိုင်တော့မည်ဖြစ်သည်။ ။

(အင်တာနက်)

မီးကိုသတိ မြဲထားရှိ စောင့်ကြည့်နေပါ သင့်ဝန်တာ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပူတာအို-မချမ်းဘော ကားလမ်းနံဘေးတွင် ဖြစ်ထွန်းအောင်မြင်နေသော ဆာရ်ခွမ်ဒမ်းရွာအနီးမှ ဒေသမျိုးလက်ဖက်ပင်များ။

ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်သော လက်ဖက် ပူတာအိုခရိုင်အတွင်း ဖြစ်ထွန်းအောင်မြင်ရေး ကြိုးပမ်းနေ

သတင်းခရီးသည်-သတင်းထောက်စဥ့်ကူစိုးဝင်း / ဓာတ်ပုံမှတ်တမ်း- ဦးထမန်ယုံ(ပူတာအို) / စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်

မြစ်ကြီးနား ဧပြီ ၂၈

မြန်မာပြည်မြောက်ဖျားက ပူတာအိုမြို့....။

အေးချမ်းလှသည့် ကချင်ပြည်နယ်မှ လှပနေသောမြို့သို့ သတင်းခရီးသည်ရောက်ရှိခဲ့သည်။ ဖွံ့ဖြိုးလှပနေသော ပူတာအိုမြို့အတွင်း လိုက်လံလှည့်လာခဲ့ရာ အမြင်ဆန်း၊ အသွင်ဆန်းနေသော မြင်ကွင်းများကို နေရာတိုင်း၌ တွေ့မြင်ရသည်။ စာမျက်နှာ ၈ ကော်လံ ၁ *

၂၀၁၀ခုနှစ် မုတ်သုံကာလအတွက် သတင်းထုတ်ပြန်ချက်

နေပြည်တော် ဧပြီ ၂၈

၂၀၁၀ခုနှစ် ဧပြီလ နောက်ဆုံးရက်သတ္တပတ်အထိ တိုင်းထွာချက်များအရ ပစိဖိတ်သမုဒ္ဒရာ အီကွေတာဒေသများတစ်လျှောက်တွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်များ ပုံမှန်ထက် ပိုမိုပူနွေးလျက် ရှိနေခဲ့ပြီး အားပျော့သော အယ်နီညိုအဆင့်သို့ ရောက်ရှိနေသည်။ အယ်နီညို၏အကျိုးဆက် ရာသီဥတုများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာရှဒေသနိုင်ငံများတွင် ပူပြင်းခြောက်သွေ့သော မိုးလေဝသအခြေအနေများ ဖြစ်ပေါ်ခြင်း၊ မုန်တိုင်းများ ဖြစ်ပေါ်မှုနည်းခြင်း၊ မုတ်သုံအဝင် နောက်ကျခြင်း၊ အထွက်စောခြင်း၊ မိုးနည်းခြင်းတို့ ဖြစ်ပေါ်တတ်သည်။ လက်ရှိ အယ်နီညို၏အင်အားမှာ အားပျော့သောအဆင့်သာရှိသဖြင့် လာမည့် မြန်မာ့မုတ်သုံရာသီအပေါ် သိသိသာသာသက်ရောက်မှု မရှိနိုင်ဟု သုံးသပ်ရရှိသည်။

ဝင်ရောက်ဖွယ်

၂၀၁၀ခုနှစ် အနောက်တောင်မုတ်သုံလေသည် မေလ ဒုတိယ ၁၀ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ တတိယ ၁၀ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊ မေလကုန်ခန့်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဇွန်လဆန်းခန့်တွင် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်ဖွယ်ရာရှိပြီး စက်တင်ဘာလ တတိယ ၁၀ရက်ပတ်ခန့်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်။ စာမျက်နှာ ၉ ကော်လံ ၁ ❐